မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်၊ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၈)၊ အမှတ်(၇၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘူတန်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၁၇

၂၀၀၈ခုနှစ် ဒီဇင်ဘာ၁၇ရက်တွင် ကျရောက်သော ဘူတန်နိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘူတန်နိုင်ငံ ဘုရင်မင်းမြတ် ဂျစ်မီခေဆာ နန်းဂျဲလ်ဝန်ချွတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံအင်တာနေရှင်နယ်လီမိတက်၏ စံပြစိုက်ပျိုးရေး စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ အထွက်နှုန်းတိုးရေးနှင့် ပြည်ပဈေးကွက်ဝင် အရည်အသွေးကောင်းမွန်ရေး ဦးတည်ဆောင်ရွက်

ဒေသခံတောင်သူလယ်သမားများနှင့် လုပ်ငန်းရှင်များပေါင်းစပ် ခေတ်မီလယ်ယာစိုက်ပျိုးရေး(စံပြလယ်ယာစနစ်)အောင်မြင်အောင်ကြိုးပမ်း

ရန်ကုန် ဒီဇင်ဘာ ၁၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့သို့ သွားရောက်၍ ဒေသခံတောင်သူလယ်သမားများနှင့် လုပ်ငန်းရှင်များပူးပေါင်း၍ ခေတ်မီလယ်ယာစိုက်ပျိုးရေး (စံပြလယ်ယာစနစ်) အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံအင်တာနေရှင်နယ်လီမိတက်၏ စံပြစိုက်ပျိုးရေး စီမံကိန်းရှင်းလင်းဆောင်၌ ခင်းကျင်းပြသထားသည့် စံပြစိုက်ပျိုးရေးအထူးဇုန်တွင် စိုက်ပျိုးမည့် အရည်အသွေးကောင်းမွန်သော အထွက်တိုးမျိုးစပါး နမူနာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်)

အချုပ်အခြာအာဏာ အစွန့်ရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းစောင့်ရှောက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ခိုင်ကျည်မြဲမြံရန် လက်တွဲကြိုးပမ်း

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီး ခေတ်မီတိုးတက်ရန် တည်ဆောက်နေသကဲ့သို့ အေးချမ်းသာယာအောင် ဆောင်ရွက်ရာတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို တစ်ဖက်ကထမ်းဆောင်ရင်း နိုင်ငံသားအားလုံး စည်းလုံးညီညွတ်မှုရှိရန် စည်းရုံးဆောင်ရွက်လျက် ရှိသည်။

မိမိတိုင်းပြည်၏ အချုပ်အခြာအာဏာကို အခြားတိုင်းပြည်တစ်ပြည်က ဝင်ရောက်စွက်ဖက်ခြယ်လှယ်ခြင်းသည် မိမိတိုင်းပြည်၏ အချုပ်အခြာအာဏာ ဆုံးရှုံးခြင်းဖြစ်ပေသည်။ တစ်နည်းအားဖြင့် လွတ်လပ်ရေးဆုံးရှုံးခြင်းပင် ဖြစ်သည်။

နိုင်ငံတော်၏ အချုပ်အခြာအာဏာကို နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအပေါင်းကသာလျှင် ဖန်တီးနိုင်ခွင့် ရှိပေသည်။

ယနေ့ ကမ္ဘာတွင် အချုပ်အခြာအာဏာဆုံးရှုံးပြီး မိမိတိုင်းပြည်၏ကံကြမ္မာကို မိမိတို့ကိုယ်တိုင် ဖန်တီးနိုင်ခွင့်မရှိကြသော နိုင်ငံအများအပြား ရှိနေသည်။ တိုင်းရင်းသားပြည်သူများသည် အသက်သွေးချွေးမြောက်မြားစွာဖြင့် ရင်းနှီးပေးဆပ်ရယူခဲ့သော လွတ်လပ်ရေးကြီးကို သတိလက်လွတ်နေမိလျှင် တစ်ခဏတာအတွင်း လက်လွတ်သွားနိုင်ပြီး အချုပ်အခြာအာဏာလည်း ဆုံးရှုံးသွားနိုင်ပေသည်။

နိုင်ငံ၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးမဏ္ဍိုင် မြဲမြံကြံ့ခိုင်ရန် လိုအပ်သည်။ မြန်မာနိုင်ငံ၌ ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားညီအစ်ကိုများသည် အေးအတူပူအမျှနှင့် အတူတကွလက်တွဲပေါင်းစည်း နေထိုင်ခဲ့ကြပေသည်။

မျက်မှောက်ကာလတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့၍ နိုင်ငံနှင့်အဝန်း အေးချမ်းသာယာပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝရတည်တံ့ခိုင်မြဲရန် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှိကြရမည် ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုအနှံ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆောင်ရွက်ရင်း နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများကို ပြည်ထောင်စုစိတ်ဓာတ်ခံယူကျင့်သုံးလာရေး စည်းရုံးဆောင်ရွက်ရာ၌ တိုင်းရင်းသားပြည်သူများက လက်တွဲညီညီပါဝင်၍ ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာအိုးပင်း လက်ရည်စစ် စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၆

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် မြန်မာအိုးပင်း လက်ရည်စစ် စစ်တုရင်ပြိုင်ပွဲ (Myanmar Open Qualifying Chess Tournament)ကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၀ရက်မှ ၁၈ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ၂၀၀၉ ခုနှစ် ဇန်နဝါရီ၇ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ရုံးခန်းတွင် စာရင်းပေးသွင်းနိုင်သည်။ မြန်မာအိုးပင်း လက်ရည်စစ် စစ်တုရင်ပြိုင်ပွဲမှ လက်ရည်စစ်အောင်မြင်သူများသည် ၂၀၀၉ခုနှစ် (၃၅) ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဟု သိရသည်။

(မြန်မာ့အလင်း)

မြဝတီရုပ်မြင်သံကြား

၁၇-၁၂-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀ ၄။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅ ၆။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၂၀ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၄၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၅၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၅။ ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေး လူဆာ** (အပိုင်း-၄)
၆:၄၅ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော်တင်တဲ့မင်းသမီး** (အပိုင်း-၆)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ဖြေလိုက်ပါ
၂၂။ ICT သုတ
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၅)

အမှာစကား ပြောကြား

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ပုသိမ်မြို့ တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံး အစည်းအဝေးခန်းမ၌ ဧရာဝတီတိုင်းအတွင်းရှိ ခရိုင်၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ ဘဏ္ဍာရေးတာဝန်ခံများနှင့် ဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။

(အမှတ်-၂လျှပ်စစ်)

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ပုသိမ်ပင်မဓာတ်အားခွဲရုံ (မြက်တို) စစ်ဆေး ဧရာဝတီတိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်ဝန်ထမ်းများနှင့် တွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၁၆

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ယမန်နေ့မွန်းလွဲပိုင်းက ပုသိမ်ပင်မဓာတ်အားခွဲရုံ(မြက်တို)သို့ ရောက်ရှိပြီး ဓာတ်အားဝင်ရောက်မှုနှင့် ပို့လွှတ်မှုအခြေအနေတို့ကိုလည်းကောင်း၊ ဓာတ်အားချိတ်ဆက်မှုနှင့် Transformer များ၊ Air Compressor အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ဝန်ကြီးသည် ညပိုင်းတွင် ပုသိမ်မြို့ တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံး အစည်းအဝေးခန်းမ၌ ဧရာဝတီတိုင်းအတွင်းရှိ ခရိုင် လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ ခရိုင်၊ မြို့နယ်များရှိ ဘဏ္ဍာရေးတာဝန်ခံများနှင့် ဝန်ထမ်းများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုစွန်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် စည်းဝေးမည်

ရန်ကုန် ဒီဇင်ဘာ ၁၆

မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း၏ ဒုတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ၂၈ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ တက်ရောက်ကြရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ်(၅)ရပ်ကွက် တောင်ငူလမ်း အမှတ် ၃၂၇နေ ဒေါ်မြင့်မြင့်သန်း (ခိုင်သဇင်စာပေ) မိသားစုက ဦးခင်ဝင်းအား ရည်စူး၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ သူနာပြုအုပ်ဒေါ်မြင့်မေက လက်ခံယူစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၁၂-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**ခန္ဓာငါးပါးဒိဋ္ဌိဖြုတ်** တရားတော် (ပြည်တွင်း ပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
၈:၀၀-၂:၀၀	Industrial Talk ဦးငွေသိန်း၊ ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ(သုတေသီ)
၈:၂၅-၂:၂၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၄၅-၂:၄၅	တက်ညီလက်ညီ ရုပ်တည်နိုင်ပြီ တိုင်းဧရာဝတီ **(လပွတ္တာမြို့နယ်အတွင်း ကျန်းမာရေး စောင့်ရှောက်မှုများ)**
၉:၀၀-၃:၀၀	Activities in the City A.G.T.Iကျောင်းသားကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ
၉:၁၀-၃:၁၀	တေးဂီတအစီအစဉ်
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	ကြည်ညိုဖူးမြော် ပုဂံဘုရားစေတီတော်
၉:၄၅-၃:၄၅	တေးဂီတအစီအစဉ်
၉:၅၀-၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅-၃:၅၅	မတော်တဆ ထိခိုက်ဒဏ်ရာရရှိခဲ့လျှင် သတိပြုလိုက်နာရမည့်အချက်များ (အပိုင်း-၁) (ပါမောက္ခဒေါက်တာဦးနေဝင်း)
၁၀:၂၀-၄:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅-၄:၂၅	မိုးလေဝသခန့်မှန်းချက်
၁၀:၃၀-၄:၃၀	လေ့လာမြတ်နိုး ထိန်းသိမ်းဖို့ရာ မြန်မာ့ရိုးရာအနုပညာ (သဘင်ပညာရပ်အကြောင်း သိကောင်းစရာများ)
၁၀:၅၀-၄:၅၀	တေးဂီတအစီအစဉ်
၁၀:၅၅-၄:၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅-၅:၀၅	မျှော်လင့်ခြင်း၏ အလင်းရောင်သစ်
၁၁:၃၅-၅:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀-၅:၄၀	အချိန်ကုန်သက်သာ ရယ်ဒီမိတ်ဟင်းလျာ
၁၁:၅၅-၅:၅၅	Splendour Floral (ဒဏ္ဍာရီထဲက ချစ်ပုံပြင်) ဟဲလေးနှင့် ပန်းဒီဇိုင်နာကိုထွန်းထွန်းလင်းတို့ တွေ့ဆုံခြင်း
၁၂:၂၀-၆:၂၀	မြန်ပြည်တစ်ခွင် ထိန်လင်းစေဖို့ မြန်မာအင်ဂျင်နီယာအစွမ်းနှင့် ရွှေလီ-မန်စံ-ရွှေစာရံ မဟာဓာတ်အားလိုင်းကြီး တည်ဆောက်ကြပါစို့
၁၂:၄၅-၆:၄၅	Fashion Guide (i-Gift ရဲ့ ပိုးထည် မြန်မာဝတ်စုံများ)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Suzuki Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၃၀	Vietnam-Singapore	Star Sports (Live)

17-12 (02).pmd 1 12/17/2008, 2:15 AM

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ယုဇနကုမ္ပဏီလီမိတက်၏ လယ်မြေများ၌ စက်ယန္တရားများဖြင့် ထွန်ယက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

* *ရှေ့ဖုံးမှ*

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် နံနက်၉နာရီတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အထူးဇုန်(၁) အကွက်အမှတ်(၁)ရှိ ဒဂုံအင်တာနေရှင်နယ်လီမိတက်၏ စံပြစိုက်ပျိုးရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် စံပြစိုက်ပျိုးရေး အထူးဇုန်များမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်သည် စံပြစိုက်ပျိုးရေး စီမံကိန်းရှင်းလင်းဆောင်၌ ခင်းကျင်းပြသထားသည့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စိုက်ပျိုးပညာပေးဌာနခွဲက ထုတ်ဝေသည့် တောင်သူလယ်သမား ပညာပေးစာစောင်များ၊ စက်မှုလယ်ယာ စံပြစိုက်ပျိုးရေးအထူးဇုန်တွင် စိုက်ပျိုးမည့် အရည်အသွေးကောင်းမွန်၍ အထွက်တိုးမျိုးစပါးနမူနာများကို ကြည့်ရှုစစ်ဆေးသည်။

အဓိကအားပြု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စံပြစိုက်ပျိုးရေး စီမံကိန်းရှင်းလင်းဆောင်၌ စက်မှုလယ်ယာ စံပြစိုက်ပျိုးရေးအထူးဇုန်ရှိ စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် ဇုန်တာဝန်ခံများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအတွက် အခြေခံကျသည့် ရေ၊ မြေသဘာဝ အခြေခံကောင်းများနှင့် ပြည့်စုံသော နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံ၏ လူဦးရေအများစုသည်လည်း စိုက်ပျိုးရေးကို အဓိကအားပြုလျက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း စိုက်ပျိုးရေးလုပ်ငန်း တိုးတက်မြင့်မားရေးအတွက် မြေယာသစ်များဖော်ထုတ်ရေး၊ စိုက်ပျိုးရေအလုံအလောက်ရရှိရေး၊ အထွက်နှုန်းတိုးရေး၊ ထွက်ကုန်အရည်အသွေးမြင့်မားရေးတို့အတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်ပေးလျက်ရှိသော်လည်း စိုက်ပျိုးရေးထွက်ကုန်အနေဖြင့် မိမိတို့မျှော်မှန်းသလောက် ထွက်ရှိလာခြင်း မရှိသေးကြောင်း။

ဦးတည်ဆောင်ရွက်

စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ အထွက်နှုန်းတိုးတက်ရေး၊ ပြည်ပဈေးကွက်ဝင် အရည်အသွေးကောင်းမွန်ရေးကို ဦးတည်ဆောင်ရွက်သွားရန်လိုကြောင်း၊ အထွက်နှုန်းကောင်းပြီး အရည်အသွေးကောင်းသည့်မျိုးများဖြင့် အစားထိုးပြီး ခေတ်မီစိုက်ပျိုးရေးနည်းပညာများဖြင့် ပေါင်းစပ်မည်ဆိုပါက ထွက်ကုန်ပစ္စည်းများ အရည်အသွေးမီဈေးကောင်းရရှိလာမည် ဖြစ်ကြောင်း။

ထို့ကြောင့် ယခုအကောင်အထည်ဖော်နေသည့် ဒေသခံတောင်သူလယ်သမားများနှင့် လုပ်ငန်းရှင်များပေါင်းစပ်၍ ခေတ်မီလယ်ယာစိုက်ပျိုးရေး (**စံပြလယ်ယာစနစ်**) အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ကျယ်ကျယ်ပြန့်ပြန့်

ထို့အပြင် တောင်သူလယ်သမားတစ်ဦးချင်း ဝင်ငွေ တိုးတက်ရရှိရေးအတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် တွဲဖက်ပြီး တစ်နိုင်တစ်ပိုင် နွား၊ ဆိတ်၊ ဘဲ၊ ငါးမွေးမြူရေး (Integrated Farming System) စနစ် ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားလာအောင် ပံ့ပိုးဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စံပြစိုက်ပျိုးရေးအထူးဇုန်များတွင် နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က စံပြစိုက်ပျိုးရေး အထူးဇုန်အတွက် ယန္တရားနှင့် စက်ပစ္စည်းကိရိယာများ စုဆောင်းမှုအခြေအနေ၊ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ မြေယာကွက် ဖော်ထုတ်ပြီးစီးမှုအခြေအနေ၊ ရေပေးအဆောက်အအုံနှင့် ရေပေးမြောင်းများ တည်ဆောက်မည့်အခြေအနေ၊ ကုန်ထုတ်လမ်းများနှင့် ရေထုတ်မြောင်းများ ဖောက်လုပ်ပြီးစီးမှုအခြေအနေ၊ နွေစပါးအတွက် မျိုးသန့်စပါး စုဆောင်းမှုနှင့် စိုက်ပျိုးပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက စီမံကိန်းစိုက်ပျိုးမြေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မှာကြား

ဆက်လက်၍ စိုက်ပျိုးရေးအထူးဇုန်များမှ လုပ်ငန်းရှင်များက မိမိတို့ဇုန်အလိုက် နွေစပါးစိုက်ပျိုးပြီးစီးမှုနှင့် စိုက်ပျိုးရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

တူးဖော်ဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒဂုံအင်တာနေရှင်နယ်လီမိတက်၏ စံပြစိုက်ပျိုးရေးစီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်၍ ယန္တရားကြီးများဖြင့် မြေပေါ်မြောင်း၊ လက်တံမြောင်းများနှင့် မြောင်းဖြစ်လမ်းဖြစ် တူးဖော်ဆောင်ရွက်နေမှု၊ လယ်မြေများအား ယန္တရားများဖြင့် မြေညှိလုပ်ငန်း ထွန်ယက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြရာ ဒဂုံအင်တာနေရှင်နယ်လီမိတက်ဥက္ကဋ္ဌ ဦးဝင်းအောင်က ရှင်းလင်းပြသသည်။

အထူးဇုန်(၁)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အထူးဇုန်(၁) အကွက်အမှတ်(၂)ရှိ ယုဇနကုမ္ပဏီလီမိတက်၏ ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က စိုက်ပျိုးမြေယာဖော်ထုတ်ပြီးစီးမှု၊ စိုက်ပျိုးရေအတွက် ရေသွယ်မြောင်းများ ဖောက်လုပ်မည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ပဈေးကွက်ရှိသည့် အရည်အသွေးကောင်းမွန်ပြီး အထွက်တိုးသည့် မျိုးစပါးများကို ရွေးချယ်စိုက်ပျိုးရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငမိုးရိပ်ရေထိန်းတံခါးသို့ သွားရောက်၍ ရေထိန်းတံခါးအနီးရှိ နွေစပါးစိုက်ပျိုးရေးအတွက် ငမိုးရိပ်ရေထိန်းတံခါး၏ နွေစပါးချောင်းပိတ် တမံတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဖြည့်စွက်တင်ပြ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဘုရင့်နောင်လမ်း စံပြစိုက်ပျိုးရေးအထူးဇုန်(၂)ရှိ ရွှေနဂါးမင်းကုမ္ပဏီလီမိတက်၏ ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရွှေနဂါးမင်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဝင်းမြင့်က နွေစပါးဧက၂၀၀ စိုက်ပျိုးပြီးစီးမှု၊ လျှပ်စစ်သွယ်တန်းထားရှိမှု၊ ကုန်ထုတ်လမ်းဖောက်လုပ်မည့်အစီအစဉ်နှင့် ရေသွယ်မြောင်းဖောက်လုပ်နေမှု၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးမြေများကို ဖော်ထုတ်ရာတွင် တစ်ကွက်လျှင် ငါးဧက၊ ၁၀ဧကအကွက်များအဖြစ် အကွက်ချဖော်ထုတ်ရန်၊ ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် အရည်အသွေးကောင်း မျိုးစပါးများကို ရွေးချယ်စိုက်ပျိုးရန် မှာကြားသည်။

အထူးဇုန်(၂)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ပဲခူးမြစ်လမ်း စံပြစိုက်ပျိုးရေးအထူးဇုန်(၂)ရှိ ပင်လယ်ကိုးသွယ်ကုမ္ပဏီ၏ ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပင်လယ်ကိုးသွယ်ကုမ္ပဏီဥက္ကဋ္ဌ ဦးအောင်သန်းဦးက နွေစပါးစိုက်ပျိုးပြီးစီးမှုနှင့် စိုက်ပျိုးရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။ **(သတင်းစဉ်)**

ကျိုက္ကော် အထက မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၆

မွန်ပြည်နယ် သထုံမြို့နယ် ကျိုက္ကော်အထက၏ (၁၀)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ၂၀၀၉ခုနှစ် ဇန်နဝါရီ၄ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း ရွှေရတုခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် ရန်ကုန်မှ လိုက်ပါမည့်သူများအတွက် ရထားတွဲ စီစဉ်ထားပါသဖြင့် လိုက်ပါလိုသူများအနေဖြင့် ဒေါ်ခင်ဝင်း ဖုန်း-၂၂၅၁၃၉၊ ဒေါက်တာခွန်ကျော်အောင်၊ ဒေါ်တင်လွှမ်း ဖုန်း-၂၉၅၅၀၀၊ ၂၉၆၄၄၉နှင့် ဒေါက်တာတင့်ဇော်ဦး ဖုန်း-၂၂၉၈၉၇တို့သို့ ဒီဇင်ဘာ၂၅ရက် နောက်ဆုံးထား၍ စာရင်းပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၆

‘ကမ္ဘာ့ငွေကြေးအကျပ်အတည်းဒဏ် သက်သာစေရန် စိုက်ပါ၊ မွေးပါ၊ တင်ပို့ပါ’ အကြောင်းနှင့်ပတ်သက်ပြီး စီးပွားရေးပါမောက္ခများ၊ အဆင့်မြင့်အရာရှိကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ သုံးသပ်ချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၄၉) ထွက်ရှိလာသည်။

ယင်းအပြင် မြန်မာ-ထိုင်း စီးပွားရေးအကျိုးတူ ပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်မည်၊ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကြား ပြည်ပထွက်မည့် မြန်မာလုပ်သားများ သတိထား၊ မြန်မာ-အိန္ဒိယ ချိတ်ဆက်မည့် ဖိုက်ဘာဆက်ကြောင်းစီမံကိန်း မကြာမီပြီးစီးမည်၊ ထိုင်းလေဆိပ် ပြန်ဖွင့်ပြီးနောက် မြန်မာနိုင်ငံသို့ ခရီးသည် ပြန်လည်ဝင်ရောက်မှု ပုံမှန်မဖြစ်သေး၊ ကျပ်သိန်းပေါင်းနှစ်ထောင်ကျော် တန်ဖိုးရှိသည့် စာသင်ဆောင်တစ်ဆောင် စင်ကာပူလူမှုရေးအဖွဲ့နှစ်ဖွဲ့က ပထမဆုံးအကြိမ် ဆောက်လုပ်လှူဒါန်း၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ **“လက်ကိုင်ဖုန်းနှင့် Prepaid စနစ်”** အကြောင်း၊ စိုးမြတ်သူဇာ အရှည်ကြီးမတွေးတတ်ပါ ဖျော်ဖြေရေးသတင်းများ အပါအဝင် ကဏ္ဍ စုံလင်စွာဖြင့် ပြည်တွင်းရေးရာသတင်းများ ပါရှိသည်။

စုံလင်စွာပါရှိ

အိုဘားမား၏ အစိုးရအဖွဲ့ လက်ရှိအချိန်အထိ ဆောင်ရွက်ပုံနှင့် ရလဒ်နှစ်မျိုးစလုံးသည် အားတက်စရာကောင်း၊ ကမ္ဘာ့ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ စီမံဆောင်ရွက်မှု အညွှန်းတွင် ဆွီဒင်က ထိပ် ဆော်ဒီအာရေဗျက ဘိတ်၊ ကျူးဘားက အိုဘားမားနှင့် ဆွေးနွေးမည်၊ အင်ဒိုနီးရှားမှ ရေထုအညစ်ညမ်းဆုံးမြစ်ကို သန့်ရှင်းရေးပြုလုပ်တော့မည်၊ ကိုယ်ဝန်ဖျက်ချသော အမျိုးသမီးများ သတိပြုစရာအချက်များ၊ **“အိမ်ထောင်ရေးဖောက်ပြားသော ဇနီးသည်နှင့် ချစ်သူက ခင်ပွန်းဖြစ်သူကို ဟိုတယ်တစ်ခုသို့ သွေးဆောင်ခေါ်ယူ၍ ဓားဖြင့် ထိုးသတ်”** မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ **“ပြောရဦးမယ် သူတို့က ဒီလိုတဲ့”** ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

မိသားစုဆင်နွှဲ လမ်းလျှောက်ပွဲ

❑ ငွေနှင်းဖွေးဖွေး ဒီဇင်ဘာ
သာယာလှပ ချစ်စရာ၊
နေအရုဏ်က ထွက်ပြူစ
ဒို့မိသားစုလမ်းလျှောက်ကြ။

❑ သားငယ်လေးကို ဖေကချီ
သမီးငယ်လေးက လျှောက်နိုင်ပြီ၊
မေမေဝတ်တဲ့ နွေးထည်လှ
နေခြည်ဦးမှာလွန်တောက်ပ။

❑ ပါပီလေးလည်း ပါလာသည်
ချူသံလှုပ်ကာ တေးသံမြည်၊
ဟိုဟိုဒီဒီ မသွားစေနဲ့
ကားတိုက်ဦးမယ် သတိထားကွယ့်။

❑ ပန်းခြံထဲကို ဝင်ကြမယ်
ကိုယ်လက်လှုပ်ရှား လုပ်ဖို့ကွယ်၊
ခါးကိုထောက်ကာ အသက်ရှူကြ
အမောဖြေကြ အပန်းဖြေကြ။

❑ သမီးကြီးက ခေါင်းဆောင်ကာ
အရေးဗစ်အခြေခံကစားမှာ၊
ကိုယ်လက်လှုပ်ရှား အားကစား
ကျန်းမာကြံ့ခိုင် ကိုယ်စိတ်နှစ်ပါး။ ။

ဖိုးရန်နိုင်(ကျောက်ကြီး)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက်ဘက် ခန်ဒါရီမြို့တွင် ဒီဇင်ဘာ ၁၅ ရက်က အသေခံကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသောကားကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံ ခန်ဒါရီမြို့၌ အသေခံကားဗုံးခွဲတိုက်ခိုက် ရဲတပ်ဖွဲ့ဝင် ကိုးဦးသေဆုံး၊ ၃၁ ဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အနောက်ဘက် ခန်ဒါရီမြို့၏ အဓိကလမ်းမကြီးတစ်ခုပေါ်ရှိ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်နေသော စစ်ဆေးရေးဂိတ်အတွင်းသို့ ဒီဇင်ဘာ ၁၅ရက်တွင် အသေခံဗုံးခွဲသမားတစ်ဦးက ဖောက်ခွဲရေး ပစ္စည်းများ အပြည့်တင်ဆောင်ထားသောကားဖြင့် မောင်းဝင်တိုက်ခိုက်ခဲ့မှုကြောင့် ရဲတပ်ဖွဲ့ဝင်ကိုးဦး သေဆုံးပြီး ၃၁ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ထုတ်ဖော်ပြောကြားခဲ့သည်။

ပို့ဆောင်ပေးခဲ့

ဒဏ်ရာရသူများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အရပ်သားများပါဝင်ကြောင်း၊ သေဆုံးသူဦးရေ တိုးလာနိုင်ကြောင်း၊ လူနာတင်ယာဉ်များနှင့် အရပ်သားကားများက ထိခိုက်ဒဏ်ရာရသူများအား နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြကြောင်း ယင်းသတင်းရပ်ကွက်က ဆက်လက်ပြောကြားခဲ့သည်။

ဒဏ်ရာရရှိ

ဘဂ္ဂဒက်မြို့အနောက်ဘက် ကီလိုမီတာ ၅၀ အကွာ ဖလူးဂျာမြို့မြောက်ဘက်အဝင် စစ်ဆေးရေးဂိတ်တွင် မော်တာကျည်ဆန် ကျရောက်ပေါက်ကွဲမှုကြောင့် အရပ်သားတစ်ဦးသေဆုံးကာ ရဲတပ်ဖွဲ့ဝင် သုံးဦးအပါအဝင် စုစုပေါင်း ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

(အင်တာနက်)

အရှေ့အလယ်ပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်း လစ်ဗျားနိုင်ငံ ဝေဖန်ပြစ်တင်

ကုလသမဂ္ဂ ဒီဇင်ဘာ ၁၆

ထူးထူးထွေထွေပြဿနာများကို လုံးဝဖော်ပြခြင်းမရှိဘဲ ပါလက်စတိုင်းနှင့် အစ္စရေးတို့၏ ဆွေးနွေးပွဲ တိုးတက်မှုရှိကြောင်း အမေရိကန်ဆုံးဖြတ်ချက်မူကြမ်းက ချီးကျူးဖော်ပြနေခြင်းကို လစ်ဗျားနိုင်ငံက တနင်္လာနေ့တွင် ဝေဖန်လိုက်သည်။

လစ်ဗျားနိုင်ငံသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် တစ်ခုတည်းသော အာရပ်အဖွဲ့ဝင်နိုင်ငံဖြစ်သည်။ ပြဿနာများရှိကြောင်း၊ ဂါဇာကမ်းမြောင် ပိတ်ဆို့မှု၊ ရဟူဒီ အခြေချ နေထိုင်မှုနှင့် ထိုသူများက ပါလက်စတိုင်းတို့ကို အကြိမ်ကြိမ် ရန်စကျူးကျော်မှုတို့ ပါဝင်ကြောင်း ၎င်းက ထုတ်ဖော်ပြောဆိုသည်။

လျစ်လျူရှု

ယင်းဆုံးဖြတ်ချက် မူကြမ်းမှာ အရှေ့အလယ်ပိုင်းတွင် အစ္စရေးတို့ လုပ်နေကြသည့် ကိစ္စများကို လုံးဝ လျစ်လျူရှုထားကြောင်း ကုလသမဂ္ဂဆိုင်ရာ လစ်ဗျားသံအမတ်ကြီး အက်တာလီက သတင်းထောက်များအား ပြောကြားလိုက်သည်။

ဖြေကြား

အဆိုပါ ဆုံးဖြတ်ချက် မူကြမ်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အင်္ဂါနေ့တွင် စဉ်းစားသည့်အခါ ကန့်ကွက်မဲပေးမပေး မေးမြန်းစဉ် လစ်ဗျားအစိုးရ၏ ညွှန်ကြားချက်ကိုစောင့်ရဦးမည်ဟု သံအမတ်ကြီး အက်တာလီက ဖြေကြားသည်။

ရန်စကျူးကျော်

ဆုံးဖြတ်ချက်တွင် အပြောင်းအလဲများ လုပ်ရန် မိမိတို့ တိုက်တွန်းပြီးဖြစ်ကြောင်း၊

အမ်အင်န်အေ၊ရိုက်တာ

မိုဆူးလ်တောင်ပိုင်း၌ ဗုံးပေါက်ကွဲ အရပ်သားနှစ်ဦး သေဆုံး

မိုဆူးလ် ဒီဇင်ဘာ ၁၆

အီရတ်နိုင်ငံ နီနီဝါပြည်နယ်၏ မြို့တော် မိုဆူးလ်မြို့တောင်ပိုင်းတွင် ဒီဇင်ဘာ ၁၅ ရက်က ကိုယ်ပိုင်ကားတစ်စီးအတွင်း ဗုံးပေါက်ကွဲမှုကြောင့် ယင်းကားစီးနင်းသူ အရပ်သားနှစ်ဦးသေဆုံးခဲ့ကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ထုတ်ဖော်ပြောကြားသည်။

သေဆုံး

အဆိုပါဖြစ်ရပ်မှာ မိုဆူးလ်မြို့တောင်ပိုင်း အယ်လ်ရှိုရာအရပ်တွင် အရပ်သားကားတစ်စီးအတွင်း ဖောက်ခွဲရေးပစ္စည်းတစ်ခု ပေါက်ကွဲရာမှ ဖြစ်ပွားခဲ့ပြီး ကားအတွင်းရှိ အရပ်သားနှစ်ဦး သေဆုံးခဲ့ကြောင်း ယင်းသတင်းရပ်ကွက်က အဆွတ်အယ်လ်အီရတ် သတင်းဌာနသို့ ပြောကြားခဲ့သည်။

(အင်တာနက်)

အသေခံဗုံးခွဲသူများအဖြစ် ကလေးများအားအသုံးချမှု တာလီဘန် သူပုန်များအား ကုလအထူးသံ ပြစ်တင်ရှုတ်ချ

ကဘူးလ် ဒီဇင်ဘာ ၁၆

အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန်သူပုန်များက ကလေးသူငယ်များအား အသေခံဗုံးခွဲရေးသမားများအဖြစ် အသုံးချနေခြင်းကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အထူးသံတမန်ကေအိုက်က ပြစ်တင်ရှုတ်ချလိုက်ကြောင်း ကဘူးလ်မြို့၌ ဒီဇင်ဘာ ၁၄ရက်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြပါရှိသည်။

ပြင်းပြင်းထန်ထန်ရှုတ်ချ

ဟယ်လ်မန့်ပြည်နယ် ဆန်ဂျင်ခရိုင်ရှိ ဗြိတိသျှတပ်ဖွဲ့ဝင်များအား အသေခံဗုံးခွဲရန် လူငယ်လေးတစ်ဦးအား အသေခံခိုင်းစေခြင်းကို ပြင်းပြင်းထန်ထန်ရှုတ်ချကြောင်း ၎င်းက ပြောကြားသည်။

စစ်ဆင်ရေး၌ ကလေးသူငယ်များကို အသုံးချသည့် တာလီဘန်နှင့် အခြားသူများအနေဖြင့် ထိုလုပ်ရပ်ကို ချက်ချင်းရပ်ရန် အာဖဂန်နစ္စတန်နိုင်ငံမှ ကလေးသူငယ်များ၏ အခွင့်အရေးကို လေးစားကြရန် ၎င်းက တိုက်တွန်းလိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကန်တို့ ဒုံးကျည်ဖြင့်ပစ်ခတ်မှု ပါကစ္စတန်၌ နှစ်ဦးသေဆုံး

ပက်ရှဝါ ဒီဇင်ဘာ ၁၆

အာဖဂန်နစ္စတန် နယ်စပ် အနီး ပါကစ္စတန်နိုင်ငံ မြောက်ဝါဇီရစ္စတန်ဒေသရှိ နေအိမ်တစ်လုံးကို တနင်္လာနေ့က အမေရိကန် မောင်းသူမဲ့ လေယာဉ်က ဒုံးကျည်ဖြင့် ပစ်သည့်အတွက် လူနှစ်ဦးသေဆုံးကြောင်း ပါကစ္စတန် လုံခြုံရေးအေဂျင်စီအရာရှိများက ပြောဆိုသည်။

မောင်းသူမဲ့ လေယာဉ်များဖြင့် ထိုသို့ ပစ်ခတ်တိုက်ခိုက်ခြင်းကို ပါကစ္စတန်နိုင်ငံက ကန့်ကွက်ပြောဆိုနေသည့် ကြားမှပင် အာဖဂန်နစ္စတန်ရှိ အမေရိကန်တပ်ဖွဲ့များက အရှိန်မြှင့် တိုက်ခိုက်နေခြင်း ဖြစ်သည်ဟုလည်း ရိုက်တာသတင်းတွင် ဖော်ပြပါရှိသည်။

အမ်အင်န်အေ၊ရိုက်တာ

အာဖဂန်နှင့် နေတိုးတပ်ဖွဲ့ဝင်များ ပူးပေါင်းစစ်ဆင်မှု တာလီဘန်ခေါင်းဆောင် ခုနစ်ဦးအပါအဝင် ၄၀သေဆုံး

ကဘူးလ် ဒီဇင်ဘာ ၁၆

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟယ်လ်မန့်ပြည်နယ် နက်အလီနှင့် မာဂျာခရိုင်များတွင် အာဖဂန်နစ္စတန်တပ်ဖွဲ့များနှင့် နေတိုးတပ်ဖွဲ့များ ပူးပေါင်းစစ်ဆင်ရေး ဆောင်ရွက်ခဲ့မှုကြောင့် ယင်းဒေသရှိ တာလီဘန်ခေါင်းဆောင်အပါအဝင် တာလီဘန် ၄၀ သေဆုံးခဲ့ကြောင်း အစိုးရအရာရှိများက ဒီဇင်ဘာ ၁၅ ရက်၌ ထုတ်ဖော်ပြောကြားခဲ့သည်။

ထုတ်ဖော်

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟယ်လ်မန့်ပြည်နယ် နက်အလီနှင့် မာဂျာခရိုင်များတွင် ဒီဇင်ဘာ ၁၁ ရက်မှ စတင်ပြီး ဒီဇင်ဘာ ၁၅ ရက်အထိ ဆောင်ရွက်ခဲ့သော ယင်းစစ်ဆင်ရေးတွင် တာလီဘန် ၄၀ သေဆုံးခဲ့ကြောင်း၊ ၎င်းတို့အနက်မှ လူမျိုးစုခေါင်းဆောင် ခုနစ်ဦး၏ အလောင်းကိုသာ မြုပ်နှံရန်အတွက် အစိုးရအရာရှိများက ကောက်ယူခဲ့ကြကြောင်း ဟယ်လ်မန့်ပြည်နယ် အုပ်ချုပ်ရေးမှူး ဒါဝုဒ်အက်ချ်မာဒီက ထုတ်ဖော်ပြောကြားခဲ့သည်။

ပါဝင်

သေဆုံးသူများထဲတွင် ယင်းခရိုင် နှစ်ခုလုံးရှိ စစ်သွေးကြွများအဖွဲ့၏ ခေါင်းဆောင် မူလက်ချ်ဆာလင်မ်လည်း ပါဝင်ကြောင်း အက်ချ်မာဒီက ဆက်လက်ပြောကြားခဲ့သည်။

(အင်တာနက်)

လော့စ်အိန်ဂျလိစ်မှ ဓားပြများ ရဲတပ်ဖွဲ့က လိုက်လံရှာဖွေ

လော့စ်အိန်ဂျလိစ် ဒီဇင်ဘာ ၁၆

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့အရှေ့ဘက် ကီလိုမီတာ ၂၀ ခန့်အကွာ ပါဆာဒီးနားမြို့၌ ကလေးငယ်အား ဓားစာခံလုပ်ပြီး မိခင်ဖြစ်သူထံမှ ငွေကြေးနှင့် လက်ဝတ်လက်စားများ ပြန်ပေးဆွဲ ဓားပြတိုက်သွားကြသူ အသက် ၆၀ခန့်အရွယ် မသင်္ကာဖွယ် ဓားပြဇနီးမောင်နှံတို့ကို လိုက်လံစုံစမ်းနေကြောင်း ရဲတပ်ဖွဲ့က ဒီဇင်ဘာ ၁၄ ရက်တွင် ကြေညာသည်။

ဖြစ်စဉ်မှာ ပါဆာဒီးနားမြို့ ပန်းခြံအတွင်း တစ်နှစ်သားအရွယ် ကလေးငယ်ကို ပွေ့ပိုက်လာသည့် အသက် ၂၅နှစ်အရွယ် မိခင်တစ်ဦးအနီးသို့ အသက် ၆၀ ခန့် အမျိုးသမီးကြီးတစ်ဦးကပ်လာပြီး ပိုက်ဆံတောင်းသည်။ မရသောအခါ ထိုအမျိုးသမီးကြီးက ကလေးမိခင်ကို မော်တော်ကားပေါ်သို့ အဓမ္မဆွဲတင်သွားပြီး ငွေညှစ်သည်။ တောင်းသည်တို့ကို ရပြီးနောက် ဓားပြများက ကားမောင်း ထွက်ပြေးကြသည့် အမှုဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်၏ မြို့တော် ကန်ဒါဟာစီးတီးတွင် ဒီဇင်ဘာ ၁၄ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရသူတစ်ဦးဆေးရုံ၌ ဆေးကုသမှု ခံယူနေသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၏မြောက်ဘက် ကီလိုမီတာ ၂၅၀ အကွာ ကယ်ကွတ်မြို့အနီးရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဒီဇင်ဘာ ၁၅ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

သီရိလင်္ကာနိုင်ငံ၏ သမိုင်းကြောင်း ဖြစ်စဉ်....

သီရိလင်္ကာနိုင်ငံသည် အိန္ဒိယသမုဒ္ဒရာ၏ အိန္ဒိယနိုင်ငံအရှေ့တောင်ဘက် ကမ်းခြေကမ်းလွန်ဒေသတွင် တည်ရှိသည်။ ၎င်းနိုင်ငံသည် အုန်းပင်များဝန်းရံထားသည့် ကမ်းခြေများ၊ မတူကွဲပြားသည့် ရှုခင်းပသာဒနှင့် သမိုင်းဝင်အဆောက်အအုံများကြောင့် ရာစုနှစ်များစွာ ခရီးသည်များကို ကြည်နူးပျော်ရွှင်အောင် ဖန်တီးပေးနိုင်သည့် နိုင်ငံဖြစ်သည်။

သို့သော် ပြည်တွင်းစစ်ကြောင့် ဆယ်စုနှစ် နှစ်ခုနီးပါးမျှ အကျည်းတန်အရုပ်ဆိုးခဲ့ရသည်။ ၂၀၀၂ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးသော်လည်း အစိုးရတပ်များနှင့် တမီးလ်ကျားသူပုန်တို့ ပုံမှန်ပဋိပက္ခဖြစ်နေကြသည်။ ၂၀၀၈ခုနှစ် ဇန်နဝါရီလတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု သက်တမ်းကုန်ဆုံးသွားပြီဖြစ်သည်။

စတင်ရောက်ရှိ

ခရစ်မပေါ်မီ ဘီစီ ၅ ရာစုတွင် အိန္ဒိယမြောက်ပိုင်းမှ အင်ဒို-အာယန်လူမျိုးများ ၎င်းကျွန်းပေါ်သို့ရောက်လာသည်။ ဆင်ဟာလီလူမျိုးနွယ်စုက အင်အားအကြီးဆုံးဖြစ်သည်။ ဘီစီ ၃ရာစုတွင် အိန္ဒိယမှပင် တမီးလ်လူမျိုးများ စတင်ရောက်ရှိလာခဲ့ကြသည်။

ပြဌာန်း

၁၅၀၅ခုနှစ်တွင် ပေါ်တူဂီများရောက်ရှိလာရာ ဥရောပတိုက်သားတို့ မျက်စိကျလာကြောင်း ဖော်ပြသကဲ့သို့ ရှိသည်။ ၁၈၁၅ခုနှစ်တွင် သီဟိုဠ်ကျွန်းခေါ် ၎င်းကျွန်းတစ်ကျွန်းလုံးကို ဗြိတိသျှတို့ ထိန်းချုပ်လိုက်သည်။ လက်ဖက်၊ ကော်ဖီနှင့် အုန်းစိုက်ပျိုးရေးတွင် လုပ်ကိုင်ရန် တမီးလ်အလုပ်သမားများကို စတင်ခေါ်ယူလိုက်သည်။ ၁၈၃၃ ခုနှစ်တွင် အင်္ဂလိပ်ဘာသာစကားကို ရုံးသုံးပြဌာန်းလိုက်သည်။

၁၈၃၁ခုနှစ်တွင် ဗြိတိသျှတို့က ပြည်သူများကို မဲပေးခွင့်ပေးပြီး အာဏာခွဲဝေရေးကို စတင်ကျင့်သုံးသည်။ ၁၉၄၈ခုနှစ်တွင် လွတ်လပ်ရေး အပြည့်အဝရရှိခဲ့သည်။ ၁၉၄၉ခုနှစ်တွင် အိန္ဒိယတမီးလ် စိုက်ပျိုးရေး အလုပ်သမားများကို မဲပေးပိုင်ခွင့် ရုပ်သိမ်းလိုက်သည်။

ထွက်ပြေးရ

၁၉၅၆ခုနှစ်တွင် ဆော်လမွန် ဘန္ဒရာနိုက်ကေး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံရသည်။ ဆင်ဟာလာကို ရုံးသုံးဘာသာစကားအဖြစ် ပြဌာန်းသည်။ တမီးလ်အမတ်များက ကန့်ကွက်ပြီး ဆူပူမှုများဖြစ်ပွားကာ တမီးလ်လူမျိုး ၁၀၀ကျော် သေဆုံးသည်။ ၁၉၅၈ခုနှစ် တမီးလ်ဆန့်ကျင်ရေး အဓိကရုဏ်းများတွင် လူ ၂၀၀ ကျော်သေဆုံးသည်။ တမီးလ်လူမျိုးထောင်ပေါင်းများစွာလည်း အိုးအိမ်စွန့်ခွာ ထွက်ပြေးကြရသည်။

အာဏာပြန်ရ

၁၉၅၉ခုနှစ်တွင် ဆော်လမွန်ဘန္ဒရာနိုက်ကေး လုပ်ကြံခံရသဖြင့် ဇနီးသီရိမာဗိုဘန္ဒရာနိုက်ကေး ရာထူးဆက်ခံသည်။ ၁၉၆၅ခုနှစ် ရွေးကောက်ပွဲတွင် အတိုက်အခံညီညွတ်သော အမျိုးသားပါတီ(ယူအင်ပီ) အနိုင်ရသည်။ ၁၉၇၀ပြည့်နှစ်တွင် သီရိမာဗိုဘန္ဒရာနိုက်ကေး အာဏာပြန်ရသည်။

၁၉၇၂ခုနှစ်တွင် သီဟိုဠ်နိုင်ငံကို သီရိလင်္ကာနိုင်ငံအဖြစ် အမည်ပြောင်းလိုက်သည်။ ၁၉၇၆ခုနှစ်တွင် တမီးလ်များကြီးစိုးသည့် နိုင်ငံအရှေ့ပိုင်းနှင့် မြောက်ပိုင်း၌ တင်းမာမှုများဖြစ်ပေါ်စဉ် တမီးလ် အီလမ်လွတ်မြောက်ရေးကျားသူပုန်အဖွဲ့(အယ်တီတီအီး)ကို ဖွဲ့စည်းသည်။

သီရိလင်္ကာနိုင်ငံသည် အိန္ဒိယသမုဒ္ဒရာ၏ အိန္ဒိယနိုင်ငံ အရှေ့တောင်ဘက် ကမ်းခြေ ကမ်းလွန်ဒေသတွင်တည်ရှိ။ ၎င်းနိုင်ငံသည် အုန်းပင်များ ဝန်းရံထားသည့် ကမ်းခြေများ၊ မတူကွဲပြားသည့် ရှုခင်းပသာဒနှင့် သမိုင်းဝင် အဆောက်အအုံများကြောင့် ရာစုနှစ်များစွာ ခရီးသည်များကို ကြည်နူး ပျော်ရွှင်အောင် ဖန်တီးပေးနိုင်သည့် နိုင်ငံဖြစ်။



၁၉၇၇ ခုနှစ်တွင် တမီးလ်ဒေသများတွင် ခွဲထွက်ရေး၊ ညီညွတ်သော တမီးလ်လွတ်မြောက်ရေးတပ်ဦး (တီယူအက်အက်ဖ်)က အမတ်နေရာများ အနိုင်ရသည်။ တမီးလ်ဆန့်ကျင်ရေးအဓိကရုဏ်းများကြောင့် တမီးလ်လူမျိုး ၁၀၀ ကျော် သေဆုံးသည်။

၁၉၈၅ခုနှစ်တွင် အစိုးရနှင့် တမီးလ် အီလန်လွတ်မြောက်ရေး ကျားသူပုန်အဖွဲ့ (အယ်တီတီအီး)တို့ ငြိမ်းချမ်းရေးပထမအကြိမ် ဆွေးနွေးပွဲပျက်ပြားရသည်။

စေ့စပ်ပေး

၁၉၉၁ ခုနှစ်တွင် အိန္ဒိယနိုင်ငံတောင်ပိုင်း၌ အိန္ဒိယဝန်ကြီးချုပ်ရာဂျစ်ဂန္ဒီ လုပ်ကြံခံရမှုတွင် အယ်တီတီအီး ပါဝင်ပတ်သက်သည်။ ၁၉၉၃ ခုနှစ်တွင် သမ္မတ ပရီမာဒါဆာကို အယ်တီတီအီးက လုပ်ကြံသည်။ ၁၉၉၄ခုနှစ်တွင် သမ္မတကုမာရတွန်ဂါက အယ်တီတီအီးနှင့်ငြိမ်းချမ်းရေးဆွေးနွေးသည်။ ၁၉၉၅-၂၀၀၁ ခုနှစ်တွင် မြောက်ပိုင်းနှင့် အရှေ့ပိုင်းတွင် စစ်ဖြစ်သည်။ ဗုံးခွဲတိုက်ခိုက်မှုတွင် သမ္မတကုမာရတွန်ခါ ဒဏ်ရာရခဲ့သည်။ ၂၀၀၂ခုနှစ် ဖေဖော်ဝါရီလတွင် အစိုးရနှင့်ကျားသူပုန်တို့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးသည်။ နော်ဝေနိုင်ငံက ကြားဝင်စေ့စပ်ပေးခဲ့ခြင်းဖြစ်သည်။

မအောင်မြင်

၂၀၀၃ ခုနှစ်တွင် ကျားသူပုန်တို့ ဆွေးနွေးပွဲမှ ထွက်ခွာသည်။ ၂၀၀၅ ခုနှစ် နိုဝင်ဘာလ သမ္မတရွေးကောက်ပွဲတွင် ထိုအချိန်ကဝန်ကြီးချုပ်ဖြစ်သူ မဟိန္ဒရာ ရာဂျာပက်ဆေ အနိုင်ရသည်။ ၂၀၀၆ ခုနှစ်တွင် ဂျက်ဖနာ့အနီး ရေတပ်သင်္ဘောများကို တမီးလ်ကျားသူပုန်တို့ တိုက်ခိုက်သည်။ ၂၀၀၂ ခုနှစ် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကို ချိုးဖောက်မှုအဖြစ် နိုင်ငံတကာက သုံးသပ်သည်။ ထိုနှစ်အောက်တိုဘာလတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဂျီနီဗာ၌ ပြန်စသော်လည်း မအောင်မြင်ခဲ့ချေ။

၂၀၀၈ခုနှစ် ဇန်နဝါရီလတွင် ၂၀၀၂ခုနှစ် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကို အစိုးရကရုပ်သိမ်းလိုက်သည်။ ကာကွယ်ရေးဝန်ကြီး ဒက်ဆာနာယကေးမှာ သူစီးနင်းလိုက်ပါသည့် ယာဉ်တန်းကို ကိုလံဘိုမြို့တော်အတွင်း လမ်းဘေး ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ကွယ်လွန်သွားခဲ့သည်။ ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်

ဘဝဒဿန

■ ***Learn the art of patience. Apply discipline to your thoughts when they become anxious over the outcome of a goal. Impatience breeds anxiety, fear, discouragement, and failure. Patience create confidence, decisiveness, and a rational outlook, which eventually leads to success.***

❖ *စိတ်ရှည်သည်းခံခြင်းစွမ်းရည်ကို လေ့ကျင့်သင်ယူပါ။ ရည်မှန်းချက်မှထွက်ပေါ်လာသော အကျိုးရလဒ်အပေါ် စိုးရိမ်ပူပန်သော အတွေးစိတ်များအတွက် စည်းကမ်းကို အသုံးချပါ။ စိတ်ရှည်သည်းခံမှုမရှိခြင်းသည် စိုးရိမ်ပူပန်မှု၊ ထိတ်လန့်ကြောက်ရွံ့မှု၊ စိတ်ဓာတ်ကျမှုနှင့် ရှုံးနိမ့်မှုတို့ကို ဖြစ်ပေါ်လာစေသည်။ စိတ်ရှည်သည်းခံမှုသည် နောက်ဆုံးတွင် အောင်မြင်မှုကို ဦးတည်စေသည့် ယုံကြည်မှု၊ အဆုံးအဖြတ်ပေးနိုင်မှုနှင့် ဆင်ခြင်တုံတရားရှိသော အမြင်တို့ကို ဖန်ဆင်းပေးသည်။*

ဘရိုင်ယန်အဒမ်စ်
(အမေရိကန် လူမျိုးအတွေးအခေါ်ပညာရှင်)

ဘဝအမောပြေ

မင်္ဂလာသတင်း ....

အသက် ၆၀ခန့် အမျိုးသားကြီးတစ်ဦးက အသက်ငယ်ရွယ်သော မိန်းကလေးတစ်ဦးကို လက်ထပ်ပြီးနောက် အမျိုးသားကြီးက စကားပြောလေသည်။

အမျိုးသားကြီး ။ ။ အန်ကယ့်မှာ သွေးတိုးလည်း ရှိတယ်။
မိန်းကလေး ။ ။ ဟုတ်ကဲ့။
အမျိုးသားကြီး ။ ။ နှလုံးရောဂါလည်း ရှိနေတယ်။
မိန်းကလေး ။ ။ ဟုတ်ကဲ့။
အမျိုးသားကြီး ။ ။ ဆီးချိုရောဂါကြောင့် အစားအသောက်တွေလည်း ရှောင်နေရတယ်...။
မိန်းကလေး ။ ။ ဟုတ်ကဲ့။
အမျိုးသားကြီး ။ ။ ဒါကြောင့် အန်ကယ့်အပေါ် နားလည်ပေးစေချင်ပါတယ်။
မိန်းကလေး ။ ။ စိတ်ချပါအန်ကယ်... အန်ကယ့်ရောဂါတွေက ကျွန်မအတွက် မင်္ဂလာသတင်းတွေပါပဲ...
အမျိုးသားကြီး ။ ။ "ဟိုက်"

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဘလူးတုသ်နည်းပညာသုံး နားကျပ်ဖုန်းသစ်

နည်းပညာ သိပ္ပံ

ဘလူးတုသ်နည်းပညာသုံး နားကျပ်ဖုန်း အမျိုးအစားသစ်တစ်မျိုးကို တောင်ကိုရီးယား သုတေသနပညာရှင်များက တီထွင်ထုတ်လုပ်လိုက်သည်။

ယခင်က ထုတ်လုပ်ခဲ့သော အိုင်စီတီနည်းပညာများထက် ပိုမိုဆန်းသစ်သည့် နောက်ဆုံးပေါ်နည်းစနစ်များကို ထည့်သွင်းအသုံးပြုထားသည်။ မိုဘိုင်းလ်ဖုန်းများထက် အသံကြည်လင်ပြတ်သားမှု၊ ပေါ့ပါးမှုနှင့် အာရုံစူးစိုက်မှု အနည်းပါးဆုံးနှင့် နားထောင်ပြောဆိုမှုရအောင် ထုတ်လုပ်ထားသည့် မိုဘိုင်းလ်ဖုန်း အမျိုးအစားဖြစ်သည်။

အနှောင့်အယှက်မဖြစ်

ယခု ထုတ်လုပ်လိုက်သော ဘလူးတုသ်နည်းပညာသုံး နားကျပ်ဖုန်းသစ်သည် ကြိုးမဲ့ဖုန်းဖြစ်ပြီး မော်တော်ယာဉ်မောင်းနှင်နေစဉ် စကားပြောဆိုရာ၌ တစ်စုံတစ်ရာ အနှောင့်အယှက်မဖြစ်အောင် ပြုလုပ်ထားသည်။ သာမန်စကားပြောနေသည့်အတိုင်း ဦးနှောက်၌ ခံစားတုံ့ပြန်နိုင်မှုတွင် ယခင်ထုတ်လုပ်ခဲ့သော နားကျပ်ဖုန်းထက် အားစိုက်မှု ၁၀ရာခိုင်နှုန်း နည်းပါးအောင် ဘလူးတုသ်နည်းပညာ ထည့်သွင်းထားသည်။

အသံ တုန်ခါမှု

အသံ၏ တုန်ခါမှုနှုန်း အနည်းဆုံးဖြစ်အောင် ပြုလုပ်ထားသဖြင့် ယခုဘလူးတုသ် နားကျပ်ဖုန်းကို တပ်ဆင်ထားမှန်းစိတ်၌ ခံစားရမှုမရှိသည်အထိ နည်းပညာထည့်သွင်းထားသည်ဟု တောင်ကိုရီးယား သုတေသနပညာရှင်များက ပြောကြားသည်။

(အင်တာနက်)

အာကာသ သိပ္ပံ

တစ်နှစ်တာကာလအတွင်း အကြီးဆုံးလကြတ်မှု

ကမ္ဘာ၊ လနှင့် နေဂြိုဟ်တို့ တစ်ထပ်တည်းနီးပါး ကျရောက်ခဲ့သည့်အတွက် ဒီဇင်ဘာ ၁၂ရက်က လကြတ်ခြင်းဖြစ်ပေါ်ခဲ့ကြောင်း၊ လကြတ်မှုအနေအထားမှာ ယခုနှစ်၌ အရွယ်အစားအကြီးမားဆုံး ဖြစ်ကြောင်း နာဆာသုတေသနပညာရှင်များက ပြောကြားသည်။



စနစ်တကျလှည့်ပတ်

လသည် ကမ္ဘာဂြိုဟ်ကို ၂၉ ရက်နှင့် ၁၂ နာရီကြာတိုင်း တစ်ပတ်လှည့်လည်လျက်ရှိသည်။ သို့သော် စက်ဝိုင်းပုံသဏ္ဌာန် စနစ်တကျ လှည့်ပတ်နေခြင်း မဟုတ်ချေ။

နီးကပ်လာ

ကမ္ဘာဂြိုဟ်မှ ပုံမှန်အားဖြင့် လသည် ၂၃၈၈၅၅ မိုင်ခန့် ကွာဝေးသည်။ သို့သော် ဒီဇင်ဘာ ၁၂ရက်၌မူ ကမ္ဘာနှင့်လ အကွာအဝေးမှာ မိုင်၂၂၁၅၆၀ခန့်သာ ကွာဝေးသည်အထိ နီးကပ်လာခဲ့သည်။

အပြည့်အဝ

ထို့ကြောင့် လပေါ်အရိပ်ကျမှုသည် အကြီးမားဆုံးအနေအထားဖြစ်ပေါ်ကာ လအပြည့်အဝနီးပါးကြတ်မှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း နာဆာသုတေသနပညာရှင်များက ပြောကြားသည်။

(အင်တာနက်)

ပြည်နယ်နှင့်တိုင်း ကြက်တောင်ရိုက်ပြိုင်ပွဲဖွင့်ပွဲကျင်းပ
ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဒီဇင်ဘာ ၁၆

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့နံနက် ၈နာရီက ရန်ကုန်မြို့ အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပသည့် အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများ သင်တန်း (၃/၂၀၀၈)ဖွင့်ပွဲသို့ တက်ရောက် အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းကို ဒီဇင်ဘာ ၁၉ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဌာနခွဲများနှင့် ပြည်နယ်နှင့်တိုင်း အားကစားနှင့်ကာယပညာဦးစီးဌာနများမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၉ဦး တက်ရောက်ကြသည်။

ဆက်လက်၍ ဝန်ကြီးသည် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကျုံးကြီးလမ်းရှိ အမျိုးသားကြက်တောင် အားကစားခန်းမ၌ ကျင်းပသော ၂၀၀၈ခုနှစ် အကြိမ်(၄၀)မြောက် ပြည်နယ်နှင့်တိုင်း ကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါ ပြိုင်ပွဲကို ဒီဇင်ဘာ ၁၈ရက်အထိ နေ့စဉ်နံနက် ၉နာရီတွင် ကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်းများမှ အားကစားအသင်း စုစုပေါင်း ၁၆သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့
အမျိုးသားရေး ဦးတည်ချက် (၄) ရပ်

၁။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

၂။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။

၃။ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန္ဒမဲဖြင့် အတည်ပြုပြီး ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသား အားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေး အတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက် ရေး။

ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနား တာချီလိတ်မြို့နယ်တွင် ကျင်းပ

တာချီလိတ် ဒီဇင်ဘာ ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၄ရက် နံနက် ၉နာရီက အောင်မြတ်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်စိုး၊ ခရိုင်ဥက္ကဋ္ဌ ဦးခင်သန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းမြင့်နှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တာချီလိတ်မြို့ရှိ လူမှုရေးအသင်းအဖွဲ့များ ဖြစ်ကြသော World Vision (Myanmar) MANA ASG. Top နှင့် သုခချမ်းသာတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အစီအစဉ်အရ ဗိုလ်မှူးကြီးခင်မောင်စိုးက အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်မင်းသိမ်းက AIDS ရောဂါဖြစ်ပွားမှု အခြေအနေများကိုလည်းကောင်း၊ ASG ဥက္ကဋ္ဌ ဒေါက်တာမြင့်အောင်က World AIDS Day ဆောင်ပုဒ်နှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဆုချီးမြှင့်

ထို့နောက် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မင်းတုန်းအသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၆

မင်းတုန်းအသင်း(ရန်ကုန်)၏ သတ္တမအကြိမ် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ၁ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် ဗိုလ်တထောင်ဘုရားအနီး ပဋ္ဌာန်မြားကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ်နှင့်အထက် အဘိုးအဘွားများ အပူဇော်ခံကြွရောက်ကြပါရန်နှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ တက်ရောက်ဆုလက်ခံယူကြပါရန်နှင့် အသင်းသားအသင်းသူများ၊ မင်းတုန်း မြို့နယ်သားများ အားလုံး တက်ရောက်နိုင်ကြရန် အမှုဆောင်အဖွဲ့က အသိပေးနှိုးဆော်ထားသည်။

အဆိုပါ ပူဇော်ပွဲနှင့် ပညာထူးချွန်ဂုဏ်ပြုပွဲသို့ အလှူပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းလိုပါက ဦးအောင်သိန်း ဖုန်း-၆၉၉၀၃၂၊ ဦးမြသန်း ဖုန်း-၅၆၁၆၄၉၊ ဒုတိယဗိုလ်မှူးကြီးစိန်သန်း ဖုန်း-၃၇၀၅၆၁နှင့် ဒေါ်မြင့်မြင့်သန်း ဖုန်း-၅၁၃၂၇၂ တို့သို့ ဆက်သွယ်စာရင်း ပေးသွင်းလှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၂၁)**

ဗဟန်းမြို့နယ် အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၄ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသန်းက တတိယတန်း ကျောင်းသား မောင်မင်းခန့်ကျော်အား ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ
ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်မြို့နယ်များအတွက် စက်ဘီးများ၊ အဝတ်အထည်များ ပေးအပ်လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁၆

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့သည် ဒီဇင်ဘာ ၁၀ရက် နံနက် ၈ နာရီခွဲက ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် တညင်ကုန်းစံပြကျေးရွာတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းမှ လှူဒါန်းသော ယင်လုံအိမ်သာများ ဆောက်လုပ်ပြီးစီးမှုအားလည်းကောင်း၊ မော်အိုင်ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း သားဖွားခန်းအားလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ ငွေပဒေသာပင် ကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

ပေးအပ်

ထိုမှတစ်ဆင့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့သည် ဖျာပုံမြို့နယ် ကျုံကူစံပြကျေးရွာ မူကြိုကျောင်းသို့ရောက်ရှိ၍ မူကြိုကလေးများအား အစားအသောက်နှင့် ဦးထုပ်များ ပေးအပ်ခဲ့ပြီး မူကြိုဆရာမများအား ငွေပဒေသာပင် ကျပ်တစ်သိန်းနှင့် ခြင်ထောင်များ ပေးအပ်သည်။

လှူဒါန်း

၄င်းနောက် ကျုံကူအခြေခံပညာ မူလတန်းကျောင်း၌ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ လှူဒါန်းသော လေဘေးသင့်မြို့နယ်များအတွက် အဝတ်အထည်များ လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက အဖွင့်အမှာစကား ပြောကြားပြီး လေဘေးသင့် မိသားစုဝင်များအား အဝတ်အထည်များကို ပေးအပ်သည်။

အမှာစကား

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့သည် ဘိုကလေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံး၌ ကျင်းပသော မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့် မြို့နယ်များအတွက် စက်ဘီးများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အားပေးခဲ့ပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက အဖွင့်အမှာစကား ပြောကြားပြီးနောက် စက်ဘီးများကို ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမော်အားလည်းကောင်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာက ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်ရီရီအောင်အား အဝတ်အထည်များကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၁၆

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းဖွင့်လှစ်သည့် စာကြည့်တိုက်များရှင်သန်ခိုင်မာရေးဆွေးနွေးပွဲကို ဒီဇင်ဘာ၁၂ရက်က အမှတ် (၈) ရပ်ကွက် ကနောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် ကျင်းပသည်။ **(အပေါ်ပုံ)**

စိုက်ထူနိုင်ရေး

ရှေးဦးစွာ ရပ်ကွက် ဥက္ကဋ္ဌ ဦးသိန်းနိုင်က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်မြအေးက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာအုပ်၊ စာစောင်တိုးပွားရေး၊ ငွေပဒေသာပင် စိုက်ထူနိုင်ရေးတို့ ဆွေးနွေးသည်။

တက်ရောက်ဆွေးနွေး

အခမ်းအနားသို့ အမှတ်(၈)ရပ်ကွက်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များမှ စာကြည့်တိုက်ဥက္ကဋ္ဌများ၊ စာကြည့်တိုက် ကော်မတီဝင်များနှင့် စာကြည့်တိုက်မှူးများ တက်ရောက်ဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

စာကြည့်တိုက်ရေရှည်တည်တံ့ရေး မြို့လှ၌ ဟောပြော

ကချင်ပြည်နယ် မြို့လှမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာစေရေး နံရံကပ်စာစောင်နှင့် ဟောပြောပွဲကို ဒီဇင်ဘာ ၈ရက် မွန်းတည့် ၁၂နာရီက အုပ်ချီကျေးရွာ မူလတန်းကျောင်း၌ ကျင်းပသည်။ (မြို့နယ် ပြန်/ဆက်)

ပေါင်မြို့နယ်၌ ကျန်းမာရေးစီမံခန့်ခွဲမှုသင်တန်းဖွင့်

ကျန်းမာရေးဝန်ကြီးဌာန(နေပြည်တော်)၏ အစီအစဉ်ဖြင့် ပေါင်မြို့နယ် ကျန်းမာရေးဦးစီးဌာနတွင် ဖွင့်လှစ်ခဲ့သော ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းဆိုင်ရာ ထိရောက်သော စီမံခန့်ခွဲမှုသင်တန်း (ပဉ္စမအကြိမ်) သင်တန်းကို နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀နာရီက ပေါင်မြို့ ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပခဲ့သည်။ (၁၇၆)

ဇန်းမောက်၌ ခေါင်းဆောင်မှုအရည်အသွေးမြင့်သင်တန်းဖွင့်

ကသာခရိုင် ဇန်းမောက်မြို့၌ အမျိုးသမီးရေးရာအဖွဲ့ဝင်များ ခေါင်းဆောင်မှု အရည်အသွေးမြင့်မားရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၅ရက် နံနက် ၈နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေလွင်က အဖွင့်အမှာစကား ပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

ကျောက်ပန်းတောင်း၌ စာကြည့်တိုက်ခိုင်မာရေး ဆောင်ရွက်

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအားလုံး ရေရှည်ရှင်သန်ရေးနှင့် ခိုင်မာသောစာကြည့်တိုက်များ ဖြစ်ပေါ်စေရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်အုံးမြင့် ဦးဆောင်၍ ကွင်းဆင်းစည်းရုံးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၀၈၁)

မင်းတုန်း၌ ဆီးချိုသွေးချိုရောဂါကာကွယ်ရေးဟောပြော

သရက်ခရိုင် မင်းတုန်းမြို့ အမှတ် (၂)ရပ်ကွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ရေး ဟောပြောပွဲကို နိုဝင်ဘာ ၁၅ရက် နံနက် ၉နာရီက ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန် ဒေါက်တာသန့်ဇင်နှင့် ဆရာ၊ ဆရာမများက ဆီးချိုသွေးချို ရောဂါကာကွယ်ရေး ပညာပေးဆွေးနွေး ဟောပြောကြသည်။ (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များဖွင့်လှစ်နိုင်ရေး တနိုင်း၌ ဆွေးနွေး

ကချင်ပြည်နယ် တနိုင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်အောင်ထွေးသည် မြို့နယ်ဆောက်လုပ်ရေး အင်ဂျင်နီယာဦးမြင့်ကိုနှင့်အတူ အောက်တိုဘာ ၂၄ ရက်က တနိုင်းမြို့နယ် ရှိန်လုံဂါးကျေးရွာအုပ်စုသို့ ရောက်ရှိပြီး ရပ်ကွက်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံ၍ အုပ်စုအလိုက် စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

မိုးညှင်း၌ ယာဉ်စည်းကမ်း အသိပညာပေးဟောပြော

မိုးညှင်းခရိုင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ အခမ်းအနားကို မိုးညှင်းမြို့ အထက(၂) မြစ်ပယ်ခန်းမ၌ နိုဝင်ဘာ ၂၀ရက် နံနက် ၁၀နာရီခွဲက ကျင်းပရာ မိုးညှင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးညွန့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်သော သိကောင်းစရာများကို ပညာပေးဟောပြော ဆွေးနွေးသည်။ (မြို့နယ် ပြန်/ဆက်)

ဘိုးဘွားရိပ်သာအတွက် သွပ်ပြားများ လှူဒါန်း

ကောလင်းမြို့နယ် ရွာမကျေးရွာအနီးတွင် တည်ဆောက်လျက်ရှိသော ငွေကျပ်သိန်း ၁၂၀၀ကျော်ကုန်ကျမည့် ခုတင် ၅၀ဆံ့ ဘိုးဘွားရိပ်သာတည်ဆောက်ရေးအတွက် စေတနာရှင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နေ ဦးကျော်သူနှင့်ဇနီးတို့က ငွေကျပ် ၇၃သိန်း တန်ဖိုးရှိ သွပ်ပြား ၁၁၉၇ချပ်ကို နိုဝင်ဘာ ၃၀ ရက်က အဆိုပါ ဘိုးဘွားရိပ်သာ၌ ပေးအပ်လှူဒါန်းခဲ့သည်။ (၀၃၂)

လက်ပံတန်း၌ လူထုလမ်းလျှောက်ပွဲ ဆင်နွှဲ

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်း မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ဒီဇင်ဘာ ၆ရက် နံနက် ၄နာရီက မြို့နယ်ဥက္ကဋ္ဌ ဦးချစ်သိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ခင်မောင်လတ်၊ မြို့နယ်အားကစားအရာရှိ ဒေါ်ညိုညိုထွေး၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများသည် ပြည်သူ ဆင်နွှဲအင်အား ၂၀၀၀ခန့်နှင့်အတူ ၁လမ်းတာဆုံမှ ကျွန်းကလေးအထိ လူထုလမ်းလျှောက်ပွဲ ဆင်နွှဲခဲ့ကြသည်။ (၁၃၅)

ကန့်ဘလူ၌ မြို့သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

ရွှေဘိုခရိုင် ကန့်ဘလူမြို့ သန့်ရှင်းသပ်ရပ်လှပစေရေး၊ မီးဘေးအန္တရာယ်ကြိုတင်တားဆီးကာကွယ်ရေး၊ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးစေရေးတို့အတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်ပြည်သူများသည် နေအိမ်၊ လမ်း၊ ကျောင်း၊ ဈေးနှင့် ရုံးဌာနများ၌ အပတ်စဉ် စနေနေ့တိုင်း သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြသည်။ (၀၂၇)

ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဒီဇင်ဘာ ၁၆

၂၀၀၈ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၁ရက်က မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမရွှေ၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးပြီး**(ယာပုံ)** အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မွန်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာငွေအောင်က ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေး ဆောင်ရွက်မှုလုပ်ငန်းဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ဆုရရှိသူများအားလည်းကောင်း၊ တိုင်းမှူး၏ဇနီး ဒေါ်မြင့်မြင့်စိုးက အထက်တန်းနှင့် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိသူများအားလည်းကောင်း၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းက အထက်တန်းနှင့် အလယ်တန်းအဆင့် ကာတွန်းပြိုင်ပွဲတို့တွင် ဆုရရှိသူများအားလည်းကောင်း၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာငွေအောင်က အဆိုပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ပေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးနှင့် ဧည့်သည်များသည် ပြည်တွင်းနှင့် နိုင်ငံတကာလူမှုရေး အသင်းအဖွဲ့များက ပူးပေါင်းတင်ဆက်သော ခုခံအားကျဆင်းမှု ကူးစက် ရောဂါ ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ တေးသီချင်းနှင့် ပညာပေးတစ်ခန်းရပ် ပြဇာတ်တို့ဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပြည်နယ်ကျန်းမာရေးဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များက ပြသထားသည့် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပညာပေးပြခန်းများကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက်တွင် ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၆

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီက ရွှေတောင်ကြား(၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ မြို့နယ်ဦးစီးမှူးဒေါ်အေးအေးဆင့်နှင့် ရွှေတောင်ကြား(၂)ရပ်ကွက် ဥက္ကဋ္ဌ ဦးခင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**

ဆောင်ရွက်

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မာရေး၊ သတ်မှတ်စံ (၅) ရပ်နှင့်အညီ ဆောင်ရွက်သွားရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောသည်။

ဟောပြော

ဆက်လက်၍ရွှေတောင်ကြားရပ်ကွက်အတွင်းရှိ အမျိုးသမီးရေးရာအဖွဲ့ရုံးနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲတို့တွင်လည်း နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်ပန်းတောင်းမြို့ အထက(၂) အာစရိယပူဇော်ပွဲနှင့် ငွေပဒေသာပင်စိုက်ထူပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၆

ကျောက်ပန်းတောင်းမြို့ အထက(၂) (ယခင်စံပြကျောင်းဟောင်း) (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ကွယ်လွန်သွားကြသော ဆရာကြီး၊ ဆရာမကြီးများအား ရည်စူး၍ လှူဒါန်းခြင်း၊ ၂၀၀၇-၂၀၀၈ခုနှစ် ပညာသင်နှစ်တွင် အမှတ်အများဆုံး ဂုဏ်ထူးရှင်သုံးဦးတို့အား ဂုဏ်ပြုချီးမြှင့်ခြင်း၊ နှစ်စဉ်အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် ထာဝရ ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းခြင်း၊ အထက(၂) ကျောင်းစာကြည့်တိုက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတ၊ ရသ စာအုပ်များ လှူဒါန်းခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၆ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် အထက(၂)ကျောင်းခန်းမ၌ ကျင်းပမည် ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

လှူဒါန်းလိုသူများသည် ကိုငွေလွင် ဖုန်း-၀၉-၅၁-၅၅၆၁၃၊ ကိုဆန်းဗိုလ် ဖုန်း-၀၉-၅၁-၉၉၂၆၉၊ ဗိုလ်ကြီးသိန်းစိုးဦး(ငြိမ်း) ဖုန်း-၀၉-၅၀-၂၃၁၁၆၊ မသန်းသန်းဝင်းနှင့် ညီမများ ဖုန်း-၀၁-၂၄၈၀၂၀၊ ကိုဗိုလ်ကျော် (မေယု ရွှေဆိုင်) ဖုန်း-၀၉-၅၁-၄၈၄၅၁၊ ကိုဝင်းနိုင် ဖုန်း-၀၆၁-၅၀၅၇၁၊ မအေးမြင့်သန်း (အထက-၂) ဖုန်း-၀၆၁-၅၀၅၈၆ နှင့် ကိုဝင်းမော် (မန္တလေး) ဖုန်း-၀၉-၂၀-၂၆၅၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဘိုးဘွားရိပ်သာသို့လှူဒါန်း

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့် ရာဇသင်္ကြန်လမ်း ၁၀၁(၆၈၁-A)နေ ဗိုလ်မှူးကြီးသိန်းလွင်-ဒေါ်မြင့်မြင့်တင်တို့၏ မင်္ဂလာသက် (၂၃)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာသို့ ငွေကျပ်တစ်သိန်းလှူဒါန်းရာ အလှူရှင်ကိုယ်စား ဘိုးဘွားရိပ်သာ တွဲဖက်အတွင်းရေးမှူး ဦးစိုးဝင်းက ဘိုးဘွားရိပ်သာ အတွင်းရေးမှူး ဦးမြသိန်းထံ လှူဒါန်းစဉ်။ (၁၀၅)

ထူထောင်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းမြှင့်တင် ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများတိုးချဲ့ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စစ်ကိုင်းတိုင်း ပုလဲမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဒီဇင်ဘာ၁၄ရက် နံနက်၁၁နာရီတွင် စစ်ကိုင်းတိုင်း ပုလဲမြို့နယ် ဝက်ကျကျေးရွာသို့ ရောက်ရှိပြီး ဝက်ကျကျေးရွာအုပ်စုမှ ဝက်ကျကျေးရွာ၊ လယ်ပုလင်ကျေးရွာ၊ ခရကျေးရွာနှင့် ဝမ်းဘဲဥကျေးရွာ၊ ဂျပ်ကျေးရွာအုပ်စုမှ ဂျပ်ကျေးရွာ၊ အင်တိုင်းသာကျေးရွာ၊ လယ်တီကျေးရွာနှင့် ကသောင်းကျေးရွာ၊ သစ်ကြီးတိုင်းကျေးရွာအုပ်စုမှ သစ်ကြီးတိုင်းကျေးရွာ၊ ဇီးတွောင့်ကျေးရွာ၊ သံတောင်ကျေးရွာနှင့် ကျော်တောကျေးရွာ စသည့် ကျေးရွာအုပ်စုသုံးအုပ်စု၊ ကျေးရွာ၁၂ရွာတို့မှ ဒေသခံပြည်သူ၁၇၀၀ကျော်နှင့် တွေ့ဆုံခဲ့သည်။

ညှိနှိုင်းဆောင်ရွက်

ရှေးဦးစွာ ဒေသခံ တာဝန်ရှိသူများက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက အချိန်ပိုစခန်းသွင်း သင်ကြားပေးလျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းသားများအတွက် မီးစက်ဖြင့် လျှပ်စစ်မီး အဆင်ပြေစွာ သင်ကြားပေးနိုင်ရေး၊ အဆောက်အအုံ ချွတ်ယွင်းနေသော စာသင်ဆောင်များ ပြုပြင်နိုင်ရေး၊ အချို့ကျေးရွာများရှိ တွဲဖက် အခြေခံပညာမူလတန်းကျောင်းများတွင် စနစ်တကျစာပေသင်ကြားနိုင်ရေး၊ ဝက်ကျကျေးရွာရှိ တိုက်နယ် ပြည်သူ့ဆေးရုံတွင် ငွေပဒေသာပင် စိုက်ထူနိုင်ရေး၊ ထူထောင်ပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးရေးစသည့် လုပ်ငန်းများအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အလှူငွေများ လှူဒါန်းကာ ဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးမှာကြားသည်။

ဒေသခံများအား ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့နယ် ကျေးရွာအုပ်စု သုံးအုပ်စု ကျေးရွာ၁၂ရွာတို့မှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ယင်းနောက် ဝန်ကြီးက ခရကျေးရွာ အခြေခံပညာမူလတန်းကျောင်း အမိုးပြုပြင်ရန်နှင့်သစ်ကြီးတိုင်းကျေးရွာ ဆေးပေးခန်းတို့အတွက် ငွေကျပ်နှစ်သိန်းစီ၊ ဝမ်းဘဲဥကျေးရွာ တွဲဖက်အခြေခံပညာ မူလတန်းကျောင်း၊ သံတောင်ကျေးရွာတွဲဖက်အခြေခံပညာမူလတန်းကျောင်း၊ဂျပ်ကျေးရွာအခြေခံပညာမူလတန်းကျောင်းဆောင်ပြုပြင်ရန်၊ အင်တိုင်းသာကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်ပြုပြင်ရန်၊ကသောင်းကျေးရွာတွဲဖက်အခြေခံပညာ မူလတန်းကျောင်း၊ ဆည်ပြင်ကျေးရွာ တွဲဖက်အခြေခံပညာ မူလတန်းကျောင်းတို့အတွက် ငွေကျပ်တစ်သိန်းစီ၊ ဝက်ကျကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသား ကျောင်းသူများအချိန်ပိုညစာကြည့်ချိန် လျှပ်စစ်မီးပေးရန် ငွေကျပ်ငါးသောင်း စုစုပေါင်း ငွေကျပ် ၁၀၅၀၀၀၀ ကိုလည်းကောင်း ဒေသခံ ပြည်သူများအတွက် မီးဖိုချောင်သုံးပစ္စည်းများနှင့် အားကစားပစ္စည်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက လှူဒါန်းသော စာအုပ်စာစောင်များ၊ အဝတ်အထည်များကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဒေသခံတာဝန်ရှိသူများက လက်ခံယူကြသည်။

တွေ့ဆုံပွဲ အပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဝန်ကြီးသည် ဝက်ကျကျေးရွာအုပ်စု တိုက်နယ်ပြည်သူ့ဆေးရုံကို သွားရောက်ကြည့်ရှုပြီး ကျန်းမာရေး ဝန်ထမ်းများအား အားပေးစကား ပြောကြားကာ လဲကန်ကျေးရွာ၌ ဒေသခံပြည်သူ ၅၀၀ကျော်တို့နှင့် တွေ့ဆုံ၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် ငွေကျပ်တစ်သိန်းနှင့် စာအုပ်စာစောင်များ၊ ဒေသခံ ပြည်သူများအတွက် အဝတ်အထည်များကို ပေးအပ်လှူဒါန်းရာ ဒေသခံတာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဝန်ကြီးသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တိုးချဲ့ဆောင်ရွက်

ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် ဝန်ကြီးက ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော် အစိုးရနှင့်အတူ ဒေသခံပြည်သူများက ဝိုင်းဝန်းပါဝင် ကြိုးပမ်းဆောင်ရွက်ကြရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် သတ်မှတ်ထားသည့်မူများ၊ လိုက်နာဆောင်ရွက်ရမည့် အချက်များအတိုင်း ပူးပေါင်းပါဝင် ဆောင်ရွက်ရေး၊ ထူထောင်ပြီး ကျေးရွာ ကိုယ့်အားကိုး စာကြည့်တိုက်များတွင် စာပေဗဟုသုတများကို ဖတ်ရှုလေ့လာပြီး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းမြှင့်တင့်ရေး၊ ကျေးလက်ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဒေသနှင့် ကိုက်ညီသော စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို ပိုမိုတိုးချဲ့ ဆောင်ရွက်ရေးစသည်တို့ကို တိုက်တွန်းဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးဖိုချောင်သုံးပစ္စည်းများလှူဒါန်း

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့နယ် ဝက်ကျကျေးရွာအုပ်စု၊ ဂျပ်ကျေးရွာ အုပ်စုနှင့် သစ်ကြီးတိုင်းကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများအတွက် မီးဖိုချောင်သုံးပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်နှင့် မလေးရှားကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်းနှင့် ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်းရေးမှူး ဦးထွန်းအောင်နှင့် ဖိတ်ကြားထားသော ပုဂ္ဂိုလ်များအား မလေးရှားနိုင်ငံ Mirra Sdn.Bhd. မှ Executive Chairman, အငြိမ်းစားဗိုလ်မှူး Amir Alias နှင့် အဖွဲ့ဝင်တစ်ဦးတို့သည် ဒီဇင်ဘာ၁ရက်က ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် မလေးရှားနိုင်ငံ Felda Delima Oil Products Sdn.Bhd နှင့် Malaysian Palm Oil Council (MPOC) တို့က အသင်းချုပ်နှင့်ပူးပေါင်း၍ ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ဒီဇင်ဘာ ၁၉ရက်နှင့် ၂၀ရက်တို့တွင် Seminar and Exhibition on Palm Oil Base Product ကို ကျင်းပလိုသည့် ကိစ္စ၊ နှစ်နိုင်ငံ ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ ဆီအုန်းပိုမို စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် နည်းပညာဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြသည်။

ကြည့်ရှုနိုင်

အဆိုပါ စားအုန်းဆီ အခြေခံကုန်ပစ္စည်းများပြပွဲကို စိတ်ဝင်စားသော ပုဂ္ဂိုလ်များနှင့် စီးပွားရေး လုပ်ငန်းရှင်များသည် ဒီဇင်ဘာ ၁၉ရက် မွန်းလွဲ ပိုင်းမှစတင်၍ ဒီဇင်ဘာ၂၀ရက်အထိ သတ်မှတ်ထားသောအချိန် အတွင်း ကုန်သည်ကြီးများဟိုတယ် မြေညီထပ်သို့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

စပါးသီးနှံ အလေအလွင့် မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။

၂။ ရိတ်သိမ်းပြီးကောက်လှိုင်းများကို တလင်းပျောက်စနစ်ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။

၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။

၄။ ရိတ်-ခြွေ-သိမ်း လုပ်ငန်းများကို ဆက်တိုက် မဆောင်ရွက်ပါက တစ်ကေလျှင် အနည်းဆုံးစပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇သန်းမှ စပါးတင်း သန်းပေါင်း ၅၁သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၄င်းလေလွင့် စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၄င်းအပြင် ထွက်ရှိလာသောဆန်များ ဆန်အရည်အသွေးညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေများခြင်းများလည်း ဖြစ်ပေါ်စေပါသည်။

၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်းလုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက် သန်းသန်းနု ကိုးကားတင်ပြသည်

ချင်းပြည်နယ်တွင် ပျမ်းမျှအပူချိန်အောက် လျော့နည်း

ရန်ကုန် ဒီဇင်ဘာ ၁၆

ဒီဇင်ဘာ၁၇ရက် (ယနေ့) ပြည်နယ်နှင့်တိုင်း ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်ဖြစ်သည်။

နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။

သာယာနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်သည်။

အသင့်အတင့်ဖြစ်ထွန်း

ဒီဇင်ဘာ၁၆ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရလျှင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး မွန်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ဒီဂရီ စင်တီဂရိတ်၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (-၁)ဒီဂရီ စင်တီဂရိတ်၊ လွိုင်လင်မြို့တွင် သုညဒီဂရီ စင်တီဂရိတ်၊ မိုးကုတ်မြို့၌ ၅ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

17-12 (08).pmd 1 12/17/2008, 2:15 AM

(၃၂)ကြိမ်မြောက် သွေးလှူရှင်ဂုဏ်ပြုပွဲ

မန္တလေး ဒီဇင်ဘာ ၁၆

(၃၂)ကြိမ်မြောက် သွေးလှူရှင်ဂုဏ်ပြုပွဲ အခမ်းအနားကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၇ရက် (စနေနေ့) နံနက် ၇နာရီတွင် မြန်မာနိုင်ငံ ဆရာဝန်များအသင်းတိုက် မန္တလေး၌ ကျင်းပမည်ဖြစ်သည်။

၂၀၀၇ခုနှစ် နိုဝင်ဘာ ၁၅ရက်မှ ၂၀၀၈ခုနှစ် နိုဝင်ဘာ ၁၅ရက်အတွင်း သွေးလှူဒါန်းခဲ့သော ၂၅ကြိမ်၊ ၄၀၊ ၅၀၊ ၅၅၊ ၆၀၊ ၆၅၊ ၇၀၊ ၇၅၊ ၈၀၊ ၈၅၊ ၉၀၊ ၉၅၊ ၁၀၀ကြိမ်နှင့် အကြိမ် ၁၀၀အထက် သွေးလှူရှင်များသည် အမျိုးသားသွေးလှူဘဏ် မန္တလေးသို့ ဒီဇင်ဘာ ၃၁ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းကြရန်နှင့် သွေးလှူရှင်ဂုဏ်ပြုပွဲအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းနိုင်ကြောင်းနှင့် လှူဒါန်းလိုပါက အမျိုးသားသွေးလှူဘဏ် အထွေထွေရောဂါကုဆေးရုံကြီး မန္တလေးသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့ ပွင့်ဖြူမြို့နယ်၌ တည်ဆောက်လျက်ရှိသည့် ကြီးအုံကြီးဝ ရေလှောင်တမံ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မန္တလေးနှင့် မကွေးတိုင်းအတွင်းရှိ ဆက်သွယ်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၆

နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၁၄ရက် နံနက်ပိုင်းက မန္တလေးတိုင်းနှင့် မကွေးတိုင်းအတွင်းရှိ စာတိုက်စခန်း၊ အော်တိုအိတ်ချိန်းများနှင့် ဆက်သွယ်ရေးစခန်း တည်ဆောက်မည့် မြေနေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် မန္တလေးတိုင်း ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်းရှိ စဥ့်ကူကျေးရွာအုပ်စု စာတိုက်စခန်းကိုလည်းကောင်း၊ မကွေးတိုင်းအတွင်းရှိ ချောက်မြို့ အော်တိုအိတ်ချိန်း၊ ဆက်သွယ်ရေးစခန်းတည်ဆောက်မည့် မြေနေရာနှင့် ချောက်နှင့် ဆိပ်ဖြူ ဆက်သွယ်ချိတ်ဆက်မည့် ဖိုင်ဘာကေဘယ်လ်လိုင်း ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ လျင်မြန်စွာ ပြီးစီးရေး မှာကြားသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် မြစ်ခြေအော်တိုအိတ်ချိန်းတည်ဆောက်မည့် မြေနေရာနှင့် ကမ္ဘကြေးနန်းရုံးကိုလည်းကောင်း၊ပေါက်မြို့ တယ်လီဖုန်းအိတ်ချိန်းနှင့် မိုက္ကရိုဝေ့ဗ်တာဝါတိုင်ကိုလည်းကောင်း၊ အော်တိုအိတ်ချိန်းနှင့် ဆက်သွယ်ရေးစခန်း (ကြေးနန်း)ရုံးတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ချောက်မြို့ အော်တိုအိတ်ချိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

● *ကျောက်ဖုံးမှ*

နှစ်စဉ် လျှပ်စစ်ဓာတ်အား ပျမ်းမျှ ကီလိုဝပ်နာရီသန်းပေါင်း ၁၉၅သန်း ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းဖြစ်သည်။

ယင်းနောက် ဝန်ကြီးများသည် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ တည်ဆောက်ရေး(၃)က တည်ဆောက်လျက်ရှိသည့် ကြီးအုံကြီးဝရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိ စစ်ဆေးကြသည်။

စိုက်ပျိုးရေပေးဝေနိုင်

ကြီးအုံကြီးဝရေလှောင်တမံစီမံကိန်းသည် မုန်းချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည့် စီမံကိန်းတစ်ခုဖြစ်ပြီး ဇုန်တမံအမျိုးအစားအဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။ တမံအလျားပေ ၃၂၈၀၊ အမြင့် ၁၆၄ပေရှိကာ ရေလှောင်နိုင်မှုပမာဏဧကပေ ၄၆၃၀၀၀ ဖြစ်သည်။ ထို့အပြင် နှစ်စဉ် လျှပ်စစ်ဓာတ်အားကီလိုဝပ် နာရီသန်းပေါင်း ၃၇၀ ထုတ်ပေးနိုင်မည်ဖြစ်ပြီး လယ်မြေဧက တစ်သိန်းခန့်ကို စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။

ဖြန့်ဝေပေး

အထက်ဖူးရွာ ရေလှောင်တမံစီမံကိန်း၊ ဖူးရွာ ရေလှောင်တမံစီမံကိန်း၊ ကြီးအုံကြီးဝ ရေလှောင်တမံစီမံကိန်းစသည့် ဆည်အစုအဖွဲ့စီမံကိန်းများ ပြီးစီးသွားပါက ကြီးအုံကြီးဝရေလှောင်တမံစီမံကိန်းမှ မူလထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အားအပြင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း၁၂၀ကို နှစ်စဉ် ထပ်မံတိုးတက်ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး အဆိုပါရေလှောင်တမံများမှ လျှပ်စစ်ဓာတ်အား စုစုပေါင်း ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀၀ကျော်အထိ တိုးတက်ထုတ်လုပ်ဖြန့်ဝေပေးနိုင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၆

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ယမန်နေ့မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဦးချာလီသန်းနှင့် တာဝန်ရှိသူတို့အား တွေ့ဆုံမှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် စာသင်ခန်းရှိ ကျောင်းသားများနှင့် တွေ့ဆုံ၍ စည်းကမ်းကောင်းမွန်ရန်နှင့် ထူးချွန်သည့် နိုင်ငံ့သားကောင်းများဖြစ်ရန်၊ ကျောင်းနှင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ကြစေရန်တို့နှင့် စပ်လျဉ်း၍ မှာကြားပြီး ဘွဲ့နှင်းသဘင်ခန်းမဆောက်လုပ်နေမှု၊ ပြီးစီးမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညောင်တုန်းအသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာချွန်ဆုချီးမြှင့်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၆

ညောင်တုန်းမြို့နယ် အသင်း (ရန်ကုန်)၏ နှစ်(၇၀)ပြည့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန် ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း (ဘုရားကြီး အရှေ့ဘက်မုခ်လမ်း)ရှိ ဇရာဝတီတိုင်း ဓမ္မာရုံ၌ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၁ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီခွဲနှင့် နံနက် ၁၁နာရီခွဲတွင် ကျင်းပမည် ဖြစ်သည်။ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် ကန်တော့ခံ သက်ကြီး ပုဂ္ဂိုလ်များ ဒီဇင်ဘာ ၃၁ရက် နောက်ဆုံးထား၍ စာရင်းပေးပို့ကြပါရန်၊ လိုအပ်သော အမှတ်စာရင်း၊ ဂုဏ်ထူးရ ဘာသာ၊ စာဖြေဌာန ကျောင်းထောက်ခံချက်များ ပူးတွဲပါရှိရန် လိုအပ်ကြောင်း သိရသည်။

(သတင်းစဉ်)

စာရင်းစစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းဖွင့် စာရင်းစစ်ချုပ် အမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၆

စာရင်းစစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၃၀)ဖွင့်ပွဲကို ယနေ့နံနက် ၁၀နာရီက နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၉၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်လခွဲခန့် ကြာမြင့်မည်ဖြစ်သည်။

ဆက်လက်ဖွင့်လှစ်

အစိုးရဌာန အဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်သင်တန်းများ၊ စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်မှူးများအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများကို နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ ဆောက်လုပ်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

မီးကြွင်းမီးကျန် မရှိရန် ကျင့်ကြံသတိ အမြဲရှိ

အိုင်တီနည်းပညာရပ် သင်တန်းများ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၆

IT နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် Myanmar Professionals Education Centre (MPEC) နှင့် စင်ကာပူသမ္မတနိုင်ငံရှိ Beacon School of Technology တို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာနိုင်ငံ၌ စတင်သင်ကြားမည့် Double Certification သင်တန်းများနှင့်စပ်လျဉ်းသည့် ရှင်းလင်းဟောပြောပွဲကို ဒီဇင်ဘာ ၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ရှိ ကွန်ဖရင့်ဟော၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်

IT နည်းပညာရပ်နှင့်သက်ဆိုင်သည့် သင်တန်းများကို အခြေခံအဆင့်မှ ပညာရှင်အဆင့်အထိ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းများပြီးဆုံးပါက (MPEC) နှင့် Beacon School of Technology (Singapore)က ပေးအပ်မည့် Certification ကို ရရှိမည်ဖြစ်သည်။ အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်လိုသူများသည် Myanmar Professionals Education Centre (MPEC) အမှတ်၁၁၂ အခန်း(၁၁၊၁၂) ရှစ်မိုင် ပြည်လမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၆၈၇၇၉၊ ၆၆၈၂၅၉နှင့် ၆၅၀၁၂၄တို့သို့ ဆက်သွယ်၍ စာရင်းပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပစ်တိုင်းထောင်နိုင်ငံ၊ ပစ်တိုင်းထောင်လူမျိုးမို့ အပြီးပျက်ဖို့ မလိုပေါင်(၁)

အခုတလော မီဒီယာပေါင်းစုံမှာ အများစိတ်ဝင်စားနေကြတဲ့ ပြဿနာတစ်ရပ်ကတော့ ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်း(Global Financial Crisis)ပါပဲ။ အမေရိကန်က စလိုက်တဲ့ပြဿနာဟာ အခုဆိုရင် ကျွန်တော်တို့ဟိုဒေသ၊ ဒီဒေသ၊ ဟိုနိုင်ငံ၊ ဒီနိုင်ငံစသည်ဖြင့် အနည်းနဲ့အများ ဆိုသလို လှုပ်လှုပ်ရှားရှား ဖြစ်နေကြရပါပြီ။ စတော့ရှယ်ယာဈေးတွေကျတယ်။ အခြားရိုက်ခတ်မှုတွေလည်း အများကြီးဖြစ်တယ်။ နိုင်ငံတကာခေါင်းဆောင်တွေခေါင်းချင်းဆိုင်ပြီး ဖြေရှင်းနိုင်ဖို့အဖြေရှာကြရတယ်။ ဒါ့အပြင် ဒီပြဿနာဟာ ရေတိုလား၊ ရေရှည်လား။ ဘယ်လိုကျော်လွှားမလဲ၊ ဒို့နိုင်ငံမှာရော ဒီပြဿနာကို မကြီးထွားရအောင် ဘယ်လိုကိုင်တွယ် ထိန်းသိမ်းမလဲစသည်ဖြင့် အားလုံးက စိတ်ဝင်တစားရှိနေကြတာ အမှန်ပါ။

တကယ်တော့ ညောင်ဦးကမ်းပါးပြိုတာနဲ့ စမွာနဂိုရ်က နွားမပေါင်ကျိုးဆိုသလို Globalization ခေတ်ကြီးမှာ သက်ရောက်မှု အနည်းနဲ့အများတော့ ရှိမှာပါပဲ။ ဒါပေမယ့် ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့ပြည်သူအတွက်တော့ များများစားစား ထိခိုက်လောက်ဖွယ်မရှိဘူးလို့ ပြောချင်ပါတယ်။ ဘာလို့ဒီလိုပြောနိုင်သလဲဆိုတာကို ကျွန်တော် ဆက်ပြီးရှင်းပါမယ်။

အခုဖြစ်တဲ့ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းဆိုတာ အမေရိကန်က စတာပါ။ အမေရိကန်မှာ အိမ်ပေါင်ခံငွေချေးလုပ်ငန်းတွေ အဆမတန်ကြီးထွားလာပြီး ဈေးကွက်ပေါက်ကွဲမှု(Boom and Bust) ဖြစ်ပြီးတော့ ရုတ်တရက်ပြိုလဲသွားခဲ့ပါတယ်။ အိမ်ပေါင်ခံငွေချေး လုပ်ငန်းဆိုတာ နားလည်လွယ်အောင်ရှင်းရှင်းပြောရရင် အိမ်တွေကို အရစ်ကျငွေချေ စနစ်နဲ့ရောင်းတယ်၊ အဲဒီအိမ်ကို ဝယ်ထားသူတွေက ငွေအကျေမချေနိုင်သေးခင်မှာပဲ ဒီအိမ်ပိုင်ဆိုင်မှု အထောက်အထားကို အပေါင်ထားပြီး ငွေထပ်ချေးတယ်။ အဲဒီလိုချေးငွေတွေက ပြင်ပမှာ ငွေပမာဏကြီးမားစွာ လည်ပတ်နေတယ်။ ဒါဟာ အိမ်ပေါင်ခံငွေချေးလုပ်ငန်းရဲ့ သဘောသဘာဝဖြစ်ပေမယ့် အမေရိကန်ဟာ အရင်းရှင်နိုင်ငံပီသစွာ အမြတ်အစွန်းတစ်ခုတည်းကိုကြည့်ပြီး ငွေချေးတာ၊ အိမ်ရောင်းတာတွေကို ထိန်းချုပ်မှုမရှိသလောက် လုပ်ခဲ့ကြတယ်။ ပြန်ဆပ်နိုင်ဖို့ အရည်အချင်းမရှိသူတွေကိုလည်း အိမ်ပေါင်ချေးငွေတွေ မတန်တဆ ထုတ်ချေးခဲ့တယ်။ သူက အတိုးရဖို့ပဲ ကြည့်တာကိုး။ အလားတူ အိမ်ပေါင်ခံငွေချေးလုပ်ငန်းကို နောက်ကွယ်က ငွေကြေးထုတ်ပေးနေတဲ့ ဘဏ္ဍာရေးကုမ္ပဏီကြီးတွေကလည်း အာမခံငွေကြေး နောက်ခံတောင့်တောင့်တင်းတင်းမရှိဘဲ စည်းမဲ့ကမ်းမဲ့လည်ပတ်လုပ်ကိုင်ခဲ့ကြပြန်တယ်။ အစိုးရအဆက်ဆက်ကလည်း အိုးအိမ်ပိုင်ဆိုင်သူတွေ များပြားစေလိုတဲ့အတွက် စိစစ်မှုတွေ၊ စည်းမျဉ်းစည်းကမ်းတွေလျှော့ချပြီး ဘဏ္ဍာရေးကုမ္ပဏီတွေကို အတိုးနှုန်းသက်သက်သာသာ ချေးငွေတွေနဲ့ ထောက်ပံ့ကူညီမှုတွေ လုပ်ခဲ့တယ်။ လုပ်သမျှအဆင်ပြေနေတုန်းကတော့ သိပ်ဟုတ်နေကြတယ် ဆိုရမှာပေါ့။

ပြောရရင် အမေရိကန်နိုင်ငံသားတွေရဲ့ ဓလေ့စရိုက်ကလည်း အသုံးအစွဲကြီးပြီး အကြွေးရရင် ဆင်တောင်ချက်ချင်းဝယ်စီးဖို့ လက်မနှေးကြတဲ့သူမျိုးပါ။ နိုင်ငံရဲ့ဈေးကွက် စီးပွားရေးစနစ်ကျင့်သုံးမှုကိုက Comsumerism ဆိုတဲ့ သုံးစွဲမှုကို ရှေ့တန်းတင်ပြီး ကုန်ထုတ်လုပ်မှုနဲ့ ရောင်းဝယ်ကုန်သွယ်မှုကို နောက်ကလိုက်ပြီး တိုးတက်စေရအောင် စီမံထားတဲ့စနစ်မျိုးဖြစ်နေလေတော့ အကြွေးနဲ့အိမ်ဝယ်မှုတွေ တစ်မဟုတ်ချင်း တိုးတက်လာခဲ့ပါတယ်။ ကိန်းဂဏန်းနဲ့ ပြောရရင် ၁၉၉၄ခုနှစ်တုန်းက အိုးအိမ်ပိုင်ဆိုင်သူ ၆၄ရာခိုင်နှုန်း ရှိခဲ့ရာကနေ ၂၀၀၄ခုနှစ်မှာ ၆၉ဒသမ၂ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါသတဲ့။ ဒါ့အပြင် အိမ်ပေါင်ခံငွေချေးတဲ့လုပ်ငန်းတွေ၊ တစ်ခါ အဲဒီလုပ်ငန်းတွေကို ငွေချေးတဲ့ ဘဏ္ဍာရေး ကုမ္ပဏီကြီးတွေကလည်း အစိုးရရဲ့မျက်နှာသာပေး လိုက်လျောမှုနဲ့ ချေးငွေထောက်ပံ့မှုတွေ ရရှိနိုင်ဖို့အတွက် သက်ဆိုင်ရာ လွှတ်တော်အမတ်တွေကို ရွေးကောက်ပွဲရန်ပုံငွေ အများအပြား ထည့်ဝင်ခြင်း၊ အတိုးနှုန်းသက်သာစွာနဲ့ အရစ်ကျ အိမ်ဝယ်ခွင့်များပေးခြင်းစတဲ့ နည်းလမ်းတွေနဲ့ သိမ်းသွင်းစည်းရုံးခဲ့ကြပါသတဲ့။ ဒီလို နိုင်ငံရေးသမားတွေနဲ့ စီးပွားရေးသမားတွေ အပေးအယူလုပ်ပြီး အိမ်ပေါင်ခံငွေချေးဈေးကွက်ကြီးကို ထိန်းချုပ်မှုမရှိဘဲ လွှတ်ထားပေးခဲ့တာ ကြာလာတော့ အခုပြဿနာကြီး ဖြစ်လာရတော့တာပါပဲ။

အခုလို အိမ်ပေါင်ခံငွေချေးဈေးကွက်ကို အထိန်းအချုပ်မရှိ လွှတ်ထားပေးခဲ့တဲ့အတွက် အလွန်အကျွံ အိမ်ရာဆောက်လုပ်မှုတွေ ဖြစ်ပေါ်လာခဲ့ပြီး ၂၀၀၆ခုနှစ်ဝန်းကျင်လောက်မှာ ဝယ်လိုအားထက် ရောင်းလိုအားက ပိုလာတဲ့အခြေအနေကို တွေ့မြင်နေရပါပြီ။ ဒါပေမယ့် အဲဒီအခြေအနေမှာ အမေရိကန်အစိုးရအနေနဲ့ စစ်အသုံးစရိတ်တွေကြောင့် ဘတ်ဂျက်လိုငွေပြမှု ကြီးမားနေတာရယ်၊ ပြည်ပမှချေးငွေဒေါ်လာ ၁၀ထရီလီယံဝန်းကျင်ရှိနေပြီး နိုင်ငံရဲ့ငွေပေးငွေယူရှင်းတမ်းမှာ လိုငွေပြမှု ကြီးမားနေတာရယ်တို့ကြောင့် အတိုးနှုန်းတွေကို မြှင့်လိုက်ရပြန်ပါတယ်။ ချေးငွေအတိုးနှုန်း မြင့်တက်သွားတဲ့အတွက် ငွေတိုးမကိုက်တော့တဲ့အခါ ပြည်ပက ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့လည်း သူတို့ရင်းနှီးမြှုပ်နှံထားတာတွေကို ပြန်ရုပ်သိမ်းပြီး ထွက်ခွာစပြုလာကြပါတယ်။ ဒီလိုနဲ့ပြည်တွင်းမှာ ရင်းနှီးမြှုပ်နှံမှုကျဆင်းပြီး ဈေးကွက်မှာ ပိုလျှံနေတဲ့အိမ်ရာတွေ ရောင်းမထွက်တော့ဘဲ ရှိလာခဲ့ပါတယ်။ အပေါင်ဆုံးအိမ်တွေ သန်းနဲ့ချီပြီး ရှိလာတဲ့အခါ အိမ်ရာဈေးကွက် စတင်ပြိုလဲမှုနဲ့အတူ အိမ်ပေါင်ခံချေးငွေလုပ်ငန်းလည်း လိုက်ပြီးပြိုလဲခဲ့ရတော့တာပေါ့။ ဖြစ်စဉ်က ရိုးရိုးလေးပါပဲ။

အိမ်ပေါင်ခံချေးငွေလုပ်ငန်းတွေ ပြိုလဲမှုကြောင့် အဲဒီမှာ ရင်းနှီးမြှုပ်နှံထားတဲ့ ဘဏ္ဍာရေးလုပ်ငန်းကြီးတွေလည်း ၂၀၀၈ခုနှစ်ဆန်းကစပြီး အခြေယိုင်လာခဲ့ပါတယ်။ ဒါကို အစိုးရက မသိတာမဟုတ်ပါဘူး။ သိတဲ့အတွက် Bear Stem ဘဏ္ဍာရေးကုမ္ပဏီ အခြေယိုင်သွားလို့ J.P Morgan Chase ကုမ္ပဏီက ဝယ်ယူလိုက်ရတာမျိုး၊ A.I.G အာမခံကုမ္ပဏီကို အစိုးရက အရေးပေါ်ချေးငွေဒေါ်လာ ၈၅ဘီလီယံနဲ့ ကယ်တင်လိုက်ရတာမျိုးတွေ ရှိခဲ့ပါတယ်။ ပြောရရင်တော့ လက်သိပ်ထိုးပြီး ကျိတ်ဖြေရှင်းဖို့ ကြိုးစားနေတာပါပဲ။ ဒါပေမယ့် ဘယ်လိုမှ မထိန်းနိုင်တော့ဘဲ ၂၀၀၈ခုနှစ် စက်တင်ဘာ ၁၅ရက်နေ့မှာ အမေရိကန်နိုင်ငံရဲ့အကြီးဆုံး ဘဏ္ဍာရေးကုမ္ပဏီတစ်ခုဖြစ်တဲ့ Lehman Brothers ကုမ္ပဏီကြီးပြိုလဲပြီး ဒေဝါလီခံခဲ့ရပါတယ်။ ဒါတွေကို အချို့လည်း သိပြီးသားဖြစ်မှာပါ။

ကျော်ရဲမင်း

Lehman Brothers ကုမ္ပဏီ ဒေဝါလီခံလိုက်ရတဲ့ အဖြစ်အပျက်ဟာ ကမ္ဘာ့ဘဏ္ဍာရေးဈေးကွက်ကို အကြီးအကျယ် ထိခိုက်သွားစေခဲ့ပါတယ်။ အကြီးမားဆုံး စတော့ရှယ်ယာဈေးကွက်များဖြစ်တဲ့ Dow Jones နဲ့ NYSE ဈေးကွက်များ ရုတ်တရက်ထိုးကျသွားခဲ့ရပါတယ်။ **အမေရိကန်စတော့ဈေးကွက်များသာမက ကမ္ဘာ့အနှံ့ဖြန့်ကြက်ထားတဲ့ ဘဏ္ဍာရေးကွန်ရက်ကြောင့် တစ်နွယ်ငင်တစ်စင်ပါ ဆက်နွယ်နေတဲ့ ဥရောပနဲ့အာရှ-ပစိဖိတ် ဒေသ စတော့ဈေးကွက်များပါ ထိုးကျခဲ့ရတော့တာပါပဲ။ ဒီလိုနဲ့ အမေရိကန်ကစခဲ့တဲ့ ဘဏ္ဍာရေး အကျပ်အတည်းဟာ ကမ္ဘာတစ်ဝန်းလုံးကို စတင်ကူးစက်ပျံ့နှံ့ပြီး ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်း ဖြစ်လာခဲ့ရတယ်လို့ ဆိုနိုင်ပါတယ်။ အခုချိန်မှာတော့ တောမီးလောင်သလိုပဲ ကူးစက်ပျံ့နှံ့မှုက မြန်ဆန်ကြီးမားလွန်းလို့ တစ်ကမ္ဘာလုံးက မျက်စိဒေါက်ထောက်ကြည့်ရင်း ဝိုင်းဝန်းပူးပေါင်း အဖြေရှာနေရတဲ့ ကမ္ဘာ့ပြဿနာကြီး ဖြစ်နေပါပြီ။**

အမေရိကန်အစိုးရအနေနဲ့ ကမ္ဘာ့ဘဏ္ဍာရေးဈေးကွက်မှာ ယုံကြည်မှုပြန်လည် တည်ဆောက်နိုင်ရေးအတွက် လောလောဆယ် အသည်းအသန်ကြိုးစားနေရပါတယ်။ နိုင်ငံရဲ့ စီးပွားရေးကျဆင်းမှုကိုလည်း အသက်သာဆုံးဖြစ်အောင် ထိန်းနိုင်ဖို့ကြိုးစားနေပုံပါပဲ။ အခြေအနေဆိုးရွားနေတဲ့ အမေရိကန်ကုမ္ပဏီကြီးတွေကို ဆယ်မကယ်တင်နိုင်ဖို့ ငွေကြေးစိုက်ထုတ်ထောက်ပံ့နိုင်ရေးအတွက် အစိုးရအနေနဲ့ ဒေါ်လာဘီလီယံ၇၀၀ သုံးစွဲခွင့်ရအောင် အတော့်ကိုညှိနှိုင်းကြိုးပမ်းခဲ့ရပါတယ်။ ဒါပေမယ့် ဒေါ်လာဘီလီယံ၇၀၀သုံးစွဲခွင့် ရရှိလာတဲ့အချိန်မှာ ကမ္ဘာ့ဈေးကွက်မှာ စတော့ရှယ်ယာဈေးနှုန်းတွေ ကျဆင်းမှုကြောင့် စီးပွားရေးအရ တန်ဖိုးလျော့ကျသွားတဲ့ ပမာဏဒေါ်လာ နှစ်ထရီလီယံလောက်တောင်ရှိနေပြီလို့ဆိုပါတယ်။ ဘာပဲဖြစ်ဖြစ် အမေရိကန်အစိုးရကတော့ ဒေါ်လာဘီလီယံ ၇၀၀ကိုသုံးပြီး ပြိုလဲနေတဲ့ ဘဏ္ဍာရေးလုပ်ငန်းကြီးတွေကို တိုက်ရိုက်စိုက်ထုတ် ကယ်တင်ခြင်း၊ ပြိုလဲတဲ့လုပ်ငန်းတွေကို ဝယ်ယူမယ့်ကုမ္ပဏီကြီးတွေကို ငွေချေးခြင်း၊ ကြွေးဆုံးများလေလံပစ်ရောင်းချရာမှာ ငွေကြေးစိုက်ထုတ်ဝယ်ယူခြင်းစသည်ဖြင့် တတ်နိုင်သမျှ ကျားကန်ပေးနိုင်ဖို့ ကြိုးပမ်းနေပုံပါပဲ။

ဒါပေမယ့် ဒီလိုစိုက်ထုတ် ကယ်တင်ခြင်းဟာ အမှန်တကယ် ပြီးပြည့်စုံတဲ့ဖြေရှင်းချက်မဟုတ်ဘူးလို့ ကမ္ဘာ့ဘဏ်ရဲ့ စီးပွားရေးပညာရှင်ချုပ်အဖြစ်ဆောင်ရွက်ခဲ့တဲ့ နိုဘယ်ဆုရ ဘောဂဗေဒပညာရှင် ဂျိုးဇက်စတစ်ဂလစ်ဇ်က ဝေဖန်ပြောကြားခဲ့တာကိုလည်း သတိပြုမိပါတယ်။ သူက ဒေါ်လာဘီလီယံ ၇၀၀ စိုက်ထည့်ပေးနေခြင်းဟာ တကယ်တော့ ကိုယ်တွင်းသွေးယိုစိမ့်နေတဲ့လူနာကို သွေးသွင်းကုသခြင်းမျိုးနဲ့သာ တူပါတယ်လို့ ဆိုပါတယ်။ ကိုယ်တွင်းသွေးယိုစိမ့်စေတဲ့အနာရောဂါကို ပျောက်အောင်မကုဘဲ သွေးသွင်းပေးရုံနဲ့တော့ လူနာကိုမသေအောင် ထိန်းထားနိုင်ရုံသာရှိပြီး ရောဂါမပျောက်နိုင်ဘူးဆိုတဲ့ သဘောပါပဲ။ သူ့အယူအဆအပေါ် မှန်သည်၊ မှားသည် မဝေဖန်လိုသော်လည်း လက်တွေ့အခြေအနေမှာတော့ အမေရိကန်ရဲ့စီးပွားရေးက အတော်လေး ကျဆင်းသွားခဲ့ပါပြီ။

အရင်က ဝင်ငွေ၁၀၀ရှိရင် ၁၃၀ဖိုးလောက် သုံးဖြုန်းလေ့ရှိတယ်ဆိုတဲ့ အမေရိကန်တွေဟာ အခုတော့ဝင်ငွေလျော့နည်းပြီး ဝယ်လိုအား သိသိသာသာ ကျဆင်းလာခဲ့ပါသတဲ့။ ဒါကြောင့် မော်တော်ကား၊ အီလက်ထရွန်နစ်ပစ္စည်းများနဲ့တကွ အခြားလူသုံးကုန်ပစ္စည်းများအားလုံး ရောင်းအားကျဆင်းနေပါတယ်။ အကြွေးကို အားပြုတည်ဆောက်ထားတဲ့ အမေရိကန်တို့ရဲ့ စားသုံးသူယဉ်ကျေးမှု(Culture of Consumerism)ဟာ အကြွေးကြောင့်ပဲ အရင်းအမြစ်ကစပြီး ယိုင်လဲသွားခဲ့ပြီလို့ ဆိုနိုင်ပါတယ်။ အိမ်ရာဈေးကွက် ပြိုလဲခြင်း၊ ဘဏ္ဍာရေးလုပ်ငန်းများ ယိုင်လဲခြင်းနဲ့ စက်မှု/ကုန်ထုတ်လုပ်မှုကဏ္ဍ ကျဆင်းလာခြင်းတို့ကြောင့် အလုပ်လက်မဲ့တိုးပွားလာပြီး ပြည်သူတွေရဲ့ဝင်ငွေများလည်း ကျဆင်းလာရတယ်လို့ ဆိုနိုင်ပါတယ်။ အဲဒီကဆက်ပြီး အစိုးရရဲ့ ဝင်ငွေခွန်၊ လုပ်ငန်းခွန်၊ တန်ဖိုးထပ်ခွန်စတဲ့ အခွန်အကောက်တွေ ကျဆင်းလာခဲ့ပါတယ်။ အစိုးရဝင်ငွေလျော့လာတော့ အသုံးစရိတ်လျှော့ရတဲ့အတွက် နိုင်ငံဖွံ့ဖြိုးရေးနဲ့ လူမှုဖွံ့ဖြိုးရေးရန်ပုံငွေတွေလည်း လျော့သွားပါတယ်။ ဒီတော့ အစိုးရက ကန်ထရိုက်ပေးထားတဲ့ တည်ဆောက်ရေးလုပ်ငန်း၊ သုတေသနလုပ်ငန်း၊ ဆက်သွယ်ပို့ဆောင်ရေးလုပ်ငန်းစတဲ့ လုပ်ငန်းတွေပါလျော့နည်းသွားပြီး အလုပ်အကိုင်အခွင့်အလမ်းများ ကျဆင်းလာပြန်ပါတယ်။ အခုတောင် အမေရိကန်နိုင်ငံရဲ့ အလုပ်လက်မဲ့နှုန်းဟာ ၁၄နှစ်အတွင်း အမြင့်ဆုံးဖြစ်တဲ့ ၆ဒသမ၅ ရာခိုင်နှုန်းကို ရောက်နေပြီး ၂၀၀၉မှာ ၇ဒသမ၅ရာခိုင်နှုန်းအထိ ရောက်မယ်လို့ ခန့်မှန်းကြပါတယ်။ နောက်ဆုံးတော့ ဒီလိုအဆိုးသံသရာထဲမှာ ပတ်ချာလည်ပြီး စီးပွားရေးကျဆင်းမှုကို ဦးတည်သွားမှာပါပဲ။

လူမှုရေးကဏ္ဍမှာလည်း အပေါင်ဆုံးအိမ်များမှာ ငှားရမ်းနေထိုင်မိတဲ့ အိမ်ငှားတွေကို အတင်းမောင်းချနှင်ထုတ်ပြီး ချိပ်ပိတ်နေတဲ့အတွက် နေရေးဒုက္ခရောက်နေသူတွေ အများကြီးရှိနေပါပြီ။ အချို့ ကြွေးမဆပ်နိုင်သူတွေက အိမ်ကိုမီးနဲ့ရှို့တဲ့အတွက် အမှုအခင်းဖြစ်ရတာမျိုး၊ အိမ်ပေါင်ချေးငွေလုပ်ငန်းနဲ့ပတ်သက်ပြီး မသမာမှု၊ လိမ်လည်မှုတွေ အတောမသတ် ပေါ်ပေါက်နေတဲ့အတွက် ရာဇဝတ်မှု၊ တရားမမှုများနဲ့လူပေါင်းများစွာ တရားစွဲဆိုခံနေရတာမျိုးစသည်ဖြင့် လူမှုရေးဆိုးကျိုးတွေနဲ့ ရင်ဆိုင်တွေ့ကြုံခံစားနေရပါပြီ။ ဝယ်လိုအားကျလို့ ကုန်ထုတ်လုပ်မှုကျ၊ အဲဒီတော့ အမြတ်ငွေပါကျ၊ ဒီတော့ ကုမ္ပဏီရဲ့ အစုရှယ်ယာဈေးနှုန်းပါ ထပ်ကျဆိုတဲ့အခြေအနေမျိုးနဲ့ ကျပြီးရင်း ကျနေတော့ စေ့စေ့တွေးကြည့်ရင် ရင်လေးစရာပါပဲ။

အခုအချိန်မှာ ကမ္ဘာက စိတ်အဝင်စားဆုံး မေးခွန်းကတော့ အမေရိကန် ဘဏ္ဍာရေးအကျပ်အတည်း ဘယ်လောက်ကြာမှာလဲဆိုတဲ့ မေးခွန်းပါပဲ။ ပညာရှင်အများစုကတော့ အမေရိကန်စီးပွားရေး ထိခိုက်ကျဆင်းမှုဟာ ပြန်လည်နာလန်ထူလာနိုင်ဖို့အတွက် အနည်းဆုံး တစ်နှစ်လောက်ကြာမယ်လို့ ခန့်မှန်း ကြပါသတဲ့။ အမေရိကန်ငွေကြေး အရန် ရန်ပုံငွေအဖွဲ့ဥက္ကဋ္ဌဟောင်း အလန် ဂရင်းစပန်ဆိုသူကတော့ အမေရိကန်စီးပွားရေးဟာ ပြင်းပြင်းထန်ထန်ကို အထိနာပြီးမှ ပြန်လည်နာလန်ထူလာနိုင်ဖွယ်ရှိတယ်လို့ ဟောကိန်းထုတ်ထားကြောင်း ကြားသိရပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီအကျပ်အတည်းကနေ အမြန်ဆုံးကျော်လွှား လွန်မြောက်နိုင်ပါစေလို့ပဲ ကျွန်တော်တို့ မျှော်လင့်ရမှာပါ။

အမေရိကန်ကစတင်ခဲ့တဲ့ ဘဏ္ဍာရေးနဲ့ စီးပွားရေးပြဿနာဟာ အခုအချိန်မှာ ကမ္ဘာတစ်ဝန်းလုံးကို ကူးစက်ပျံ့နှံ့လာနေပါပြီ။ ဒါပေမယ့် ကမ္ဘာ့နိုင်ငံများအကြား ထိခိုက်သက်ရောက်မှု အနေအထားကတော့ ကွဲပြားပါလိမ့်မယ်။ ဒါကလည်း အမေရိကန်နဲ့ ဘဏ္ဍာရေးစီးပွားရေးအရ ဆက်နွယ်မှု၊ စီးပွားရေးဖွံ့ဖြိုးမှု၊ ကျောထောက်နောက်ခံ ဘဏ္ဍာအရင်းအမြစ်/သဘာဝအရင်းအမြစ် တောင့်တင်းမှုဆိုတဲ့ အချက်တွေပေါ်မှာ မူတည်ပါလိမ့်မယ်။

လောလောဆယ်မှာ အမေရိကန်ရဲ့ ဘဏ္ဍာရေး အကျပ်အတည်းဒဏ်ကို အများဆုံးခံခဲ့ရတာကတော့ ဥရောပနိုင်ငံများပဲဖြစ်ပါတယ်။ အဲဒီနိုင်ငံတွေဟာ ဘဏ္ဍာရေးဈေးကွက်အရ အမေရိကန်နဲ့ ဆက်သွယ်မှုများပြားပြီး အမေရိကန်မှာ ရင်းနှီးမြှုပ်နှံမှုလည်း ကြီးမားတဲ့အတွက် ထိခိုက်သက်ရောက်မှု ကြီးမားပြင်းထန်ခဲ့တာဖြစ်ပါတယ်။ ဥရောပနိုင်ငံများဟာ အားလုံးပေါင်း လိုက်ရင် အမေရိကန်ထက် စီးပွားရေးပိုမိုတောင့်တင်းတာ မှန်ပေမယ့် နိုင်ငံပေါင်းများစွာ ကွဲပြားနေတဲ့အတွက် အရေးယူကိုင်တွယ်ဖြေရှင်းရာမှာ တစ်သွေးတစ်သံ တစ်မိန့် လုပ်လို့မရတဲ့ ပြဿနာရှိနေပါတယ်။ ဒါကြောင့် ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်နိုင်ဖို့ ကန့်သတ်ချက် ကြီးမားပါလိမ့်မယ်။ လောလောဆယ်မှာတော့ ဗြိတိန်အနေနဲ့ ပြဿနာပေါ်တဲ့ဘဏ်နဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကို ပြည်သူပိုင်သိမ်းတဲ့နည်းနဲ့ ဖြေရှင်းဆောင်ရွက်နေတယ်လို့ သိရပါတယ်။ ဒါပေမယ့် ဗြိတိန်နိုင်ငံရဲ့ စီးပွားရေးဟာလည်း တတိယသုံးလပတ်ကာလမှာ ၁၆နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ၀ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ၂၀၀၉ခုနှစ်မှာ ၁ဒသမ၇ ရာခိုင်နှုန်း ကျဆင်းမယ်လို့ ခန့်မှန်းထားပါတယ်။ အလုပ်လက်မဲ့ဦးရေဟာ လက်ရှိမှာ ၂ဒသမ၈ သန်းရှိနေပြီး ၂၀၁၀ပြည့်နှစ်မှာ ၂ဒသမ၉သန်းအထိရှိနိုင်တယ်လို့ ဆိုပါတယ်။

စာမျက်နှာ ၁၁ ကော်လံ ၁

အမေရိကန်က စခဲ့တဲ့ ဘဏ္ဍာရေးအကျပ်အတည်းဟာ ကမ္ဘာတစ်ဝန်းလုံးကို စတင်ကူးစက်ပျံ့နှံ့ပြီး ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းဖြစ်လာခဲ့ရတယ်လို့ ဆိုနိုင်ပါတယ်။ အခုချိန်မှာတော့ တောမီးလောင်သလိုပဲ ကူးစက်ပျံ့နှံ့မှုက မြန်ဆန်ကြီးမားလွန်းလို့ တစ်ကမ္ဘာလုံးက မျက်စိဒေါက်ထောက်ကြည့်ရင်း ဝိုင်းဝန်းပူးပေါင်း အဖြေရှာနေရတဲ့ ကမ္ဘာ့ပြဿနာကြီး ဖြစ်နေပါပြီ။

17-12 (10).pmd 1 12/17/2008, 2:15 AM

* ကျောဖုံးမှ

မကွေးမြို့မှ ပွင့်ဖြူမြို့သို့သွားရာတွင် မင်းဘူးမြို့ကိုဖြတ်သန်းသွားရပြီး ယခင်က မကွေးမှ မင်းဘူးသို့ စက်တပ်ပဲ့ထောင် မော်တော် သို့မဟုတ် ဖက်ရေယာဉ်တို့ဖြင့် ဧရာဝတီမြစ်ကို နှစ်နာရီခန့် ကြာအောင် ဖြတ်သန်း သွားလာခဲ့ရသည်။ ယခုအခါ နိုင်ငံတော်၏ စေတနာ အဖူးအပွင့် တစ်ခု ဖြစ်သည့် ဧရာဝတီတံတား (မကွေး) တံတားကြီးပေါ်မှ မော်တော်ယာဉ်ဖြင့် မင်းဘူးမြို့သို့ ၁၀မိနစ် အတွင်း သက်သောင့်သက်သာ ရောက်ရှိပြီး ပွင့်ဖြူမြို့သို့ ခရီးဆက်နိုင်ခဲ့သည်။

ရှင်းပြ

ပွင့်ဖြူမြို့သို့ သွားရာ လမ်းတစ်လျှောက်တွင် မန်းရေနံမြေမှ ရေနံတွင်းများကို လမ်းဘေးဝဲယာ၌ မြင်တွေ့ရပြီး အညာဒေသ၏ တိုးချဲ့စိုက်ပျိုးထားသော လယ်ကွင်းများကိုလည်း တစ်မျှော်တစ်ခေါ် တွေ့မြင်ခဲ့ရသည်။ ပွင့်ဖြူမြို့သို့ရောက်ချိန်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အသင့်ရှိနေသော ဥက္ကဋ္ဌ ဦးလှဌေးက ရင်းနှီးစွာ နှုတ်ဆက်ပြီး မြို့နယ်စိုက်/ကြပ် အဖွဲ့ဝင်များဖြစ်သည့် စိုက်ပျိုးရေး မန်နေဂျာ ဦးကျော်ဝင်း၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးဖေမြင့်နှင့် ဆည်မြောင်းဦးစီးဌာနမှ ဦးစိုးနိုင်တို့နှင့် မိတ်ဆက်ပေးကာ သတင်းအဖွဲ့ သိလိုသမျှ အချက်အလက်များကို ရှင်းပြကြသည်။

ပွင့်ဖြူမြို့သည် မကွေးတိုင်း မင်းဘူးခရိုင်အတွင်း တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ၂၀၀အမြင့်နှင့် အကျယ်အဝန်း ၄၇၀ ဒသမ ဝ၄၁ စတုရန်းမိုင် ကျယ်ဝန်းကြောင်း၊ အဓိက စီးပွားရေးလုပ်ငန်းများမှာ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းဖြစ်ပြီး စုစုပေါင်းစိုက်ပျိုးမြေ ၁၃၁၈၇၆ ဧက၊ ကိုင်းဝိုင်း ကိုင်းပြင် ကာကွယ်တော ၆၃၇၀၂ ဧက၊ တောရိုင်း ၂၆၃၆၉ ဧက ရှိကြောင်း၊ အပူချိန်အားဖြင့် အနိမ့်ဆုံး ၉၂ ဒီဂရီဖာရင်ဟိုက်မှ အမြင့်ဆုံး ၁၀၈ ဒီဂရီဖာရင်ဟိုက်၊ ၂၀၀၈ ခုနှစ်တွင် စုစုပေါင်း မိုးရွာသွန်းရက် ၄၇ ရက် စုစုပေါင်းမိုးရေချိန် ၂၆ ဒသမ ၂၄ လက်မ ရှိကြောင်းနှင့် အဓိကစိုက်ပျိုးသီးနှံအဖြစ် စပါး၊ ဆီထွက်သီးနှံအမျိုးမျိုး၊ ပဲအမျိုးမျိုး စိုက်ပျိုးကြကြောင်း ဒေသန္တရဗဟုသုတ အဖြစ် သိရသည်။



ပွင့်ဖြူမြို့နယ် ကံသာကြီးကျေးရွာမှ တောင်သူဦးသောင်းမြင့်၏ လယ်ကွင်းအတွင်း တလင်းပျောက်စနစ်သုံး ခြွေလှေ့စက်ဖြင့် စပါးများ ခြွေလှေ့နေကြသည်မှာ....။ (မြန်မာ့အလင်း)

အပိုဝင်ငွေ

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဌေးက "ကျွန်တော်တို့ မြို့နယ်အနေနဲ့ ဝမ်းစာစပါးဖူလုံမှု ၂၇၂ ဒသမ၆၇ရာခိုင်နှုန်း၊ စားသုံးဆီဖူလုံမှု ၂၈၁ ဒသမ ၁၀ရာခိုင်နှုန်းနဲ့ ပဲအမျိုးမျိုး ဖူလုံမှုက ၃၇၀ ရာခိုင်နှုန်းရှိပါတယ်၊ သီးနှံများကို တစ်နှစ်ပတ်လုံး စိုက်ပျိုးပြီးတော့ အထူးသဖြင့် ယခင်က စိုက်ပျိုးလို့မရတဲ့ မြေတွေ၊ ယာမြေတွေကို နိုင်ငံတော်က တည်ဆောက်ပေးထားတဲ့ ဆည်တွေက တစ်ဆင့် ရေရယူပြီး ယာမှ လယ်ပြောင်းဆိုပြီး ဆောင်ရွက်နိုင်ခဲ့လို့ အခုဆို ဒေသဝမ်းစာဖူလုံပြီး အခြားဝမ်းစာ ဖူလုံမှုမရှိသေးတဲ့ မြို့နယ်တွေကို ပိုလျှံစပါး ရောင်းချနိုင်ခဲ့တာကြောင့် တောင်သူလယ်သမားတွေလည်း ဝင်ငွေပိုရလာတော့ နယ်မြေဒေသ ပိုမို ဖွံ့ဖြိုး တိုးတက်လာတာပေါ့"ဟု ရှင်းလင်းပြောပြသည်။ ပွင့်ဖြူမြို့နယ်အနေဖြင့် မကွေးတိုင်းအတွင်း နွေစပါးစိုက်ပျိုးမှုအများဆုံးဖြစ်ပြီး ယာမှလယ်ပြောင်းခဲ့သော လယ်မြေဧကစုစုပေါင်း၁၃၁၈၂ ဧကရှိကာ စပါးအပြင် ပဲကြီး၊ ပဲနောက်၊ ကုလားပဲ၊ စားတော်ပဲ၊ ထောပတ်ပဲတို့ စိုက်ပျိုးကြောင်းနှင့် ဒေသအတွင်း စိုက်ပျိုးမြေများတွင် စပါးမှလွဲ၍ ဘာပဲစိုက်စိုက် နေကြာကို ကြားညှပ်စိုက်သဖြင့် အပိုဝင်ငွေအဖြစ် တိုး၍ရရှိကြောင်းဖြင့်လည်း ထပ်ဆင့် ရှင်းလင်းပြောပြသည်။

မြေစာရင်းဦးစီးဌာနမှ ဦးဖေမြင့်က ပွင့်ဖြူမြို့နယ်အတွင်း မိုးစပါး၇၁၁၀၂ဧက စိုက်ပျိုးခဲ့ပြီး လက်ရှိရိတ်သိမ်းနေကြောင်းနှင့် နွေစပါး၅၃၈၄၅ဧက စိုက်ပျိုးရန် လျာထားကြောင်းပြောပြပြီး ဆည်မြောင်းဦးစီးဌာနမှ ဦးစိုးနိုင်က မြို့နယ်အတွင်း စပါးစိုက်ပျိုးရာတွင် ရေသောက်နည်းလမ်း ငါးမျိုးဖြစ်သော ဆည်များ၊ လျှပ်စစ်ရေတင်လုပ်ငန်းများ၊ ဆည်ငယ် ကန်ငယ်များ၊ ရေစုပ်စက်များနှင့် မိုးကောင်းသောက်ဟူ၍ ရှိပြီး အဓိကဆည်ရေအဖြစ် မုန်းချောင်းကို ဖြတ်ပိတ်ထားသော မဲဇလီရေလွှဲဆည်မှ တောင်မုန်း မြောင်းမကြီး၊ မြောက်မုန်း မြောင်းမကြီးတို့က တစ်ဆင့် ရေရရှိ စိုက်ပျိုးကြောင်း ရှင်းပြသည်။



လယ်မြေစိုက်ပျိုးရေးအတွက် အားထားရသော တောင်မုန်းမြောင်းမကြီးမှ ရေလွှတ်ပေးနေသည်ကို ဤသို့တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

ပွင့်ဖြူမြို့နယ်မှ အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းများကို ရှုမျှော်မဆုံး ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

နွေစပါး

မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်ဝင်းက "ကျွန်တော်ကိုယ်တိုင်က လယ်လုပ်ပါတယ်၊ လက်ရှိဆောင်ရွက်နေတာက လက်မှုလယ်ယာထက် စက်မှုလယ်ယာကို ပိုဆောင်ရွက်နေတာပါ၊ အခုမိုးစပါးရိတ်ပြီးတာနဲ့ တစ်ချိန်တည်း ပြန်ထွန်ယက်ပြီး ကုလားပဲစိုက်မှာပါ၊ ကုလားပဲရင့်မှည့်ခါနီးရင် နွေစပါးအတွက် ပျိုးထောင်ပြီး ပဲသိမ်းပြီးတာနဲ့ နွေစပါးတန်းစိုက်ရမှာ၊ သုံးသီးစားပေါ့"ဟု ၎င်းအပါအဝင် လက်ရှိလယ်သမားတို့ အခြေအနေကိုပြောပြသည်။

ထို့နောက် သတင်းအဖွဲ့သည် ၂၀၀၈ခုနှစ်အတွင်း ယာမြေမှ လယ်မြေအဖြစ် ပြောင်းလဲ၍ မိုးစပါးစိုက်ပျိုးထားသော လယ်ကွင်းများကို သွားရောက်လေ့လာရာ လမ်းဘေးဝဲယာတွင် လယ်ရိတ်သိမ်းနေသော လယ်သမားများ၊ သီးညှပ်စိုက်ပျိုးရန် လယ်ထွန်နေသူများနှင့် စပါးခြွေလှေ့စက်ဖြင့် စပါးခြွေနေသူများအား တွေ့ဆုံမေးမြန်းခွင့် ရရှိခဲ့သည်။

ကံသာကြီးကျေးရွာမှ လယ်သမားကြီး ဦးသောင်းမြင့်က "ကျွန်တော်တို့ အခု မိုးစပါး ရိတ်နေတယ်။ ပြီးရင် ကုလားပဲ စိုက်မယ်၊ နောက်ပြီး နွေစပါးစိုက်မယ်"ဟု ပြောပြသဖြင့် သတင်းအဖွဲ့က လက်ရှိ သုံးသီးစား စိုက်ပျိုးနိုင်မှုအပေါ် မေးမြန်းရာ "ဒါကတော့ အရင်လို မဟုတ်ဘဲ လယ်ထွန်တာက လယ်ယာ(၁၆) လက်တွန်းထွန်စက်နဲ့၊ ရိတ်ပြီးတော့လည်း ကိုယ့်လယ်ထဲမှာပဲ ခြွေလှေ့စက်နဲ့ တစ်ခါတည်းခြွေလှေ့ အိတ်သွတ်ပြီး အိမ်ကိုထော်လာဂျီနဲ့ သယ်တာလေ၊ အချိန်ကုန် သက်သာတော့ သုံးသီးစား စိုက်နိုင်တာပေါ့။ နောက်ဆုံး လယ်ထဲ ထမင်းပို့တာတောင် အရင်လို ခြေကျင်ပို့တာ မဟုတ်တော့ဘဲ အိမ်မှာ ဆိုင်ကယ်ရှိတော့ ထမင်းကြမ်း မဟုတ်ဘူး၊ အားပါးတရ ပူပူနွေးနွေး စားနေရပြီ"ဟု လက်ရှိ လယ်သမားဘဝ အခြေအနေကို ကြည်နူးကျေနပ်စွာ ပြောပြသည်။

အလေအလွင့်နည်းပါး

လယ်သမားများအနေဖြင့် လယ်ယာ(၁၆)ဖြင့် ထွန်ယက်ရာ၌ တစ်နေ့ လယ်သမား တစ်ဦး၏ လုပ်အားမှာ ငါးဧကဖြစ်ပြီး နွားဖြင့်ထွန်ယက်ပါက တစ်နေ့ ဝ ဒသမ ၅ဝ ဧကသာပြီးနိုင်ကြောင်း၊ ယခင်က တလင်းတစ်ပြန့် ဝ ဒသမ ၁၅ ဧကခန့်အား တလင်းနယ်ပါက ပျမ်းမျှ ငါးရက်ခန့် ဆောင်ရွက်ရပြီး ယခုခြွေလှေ့စက်ဖြင့် ဆောင်ရွက်သောကြောင့် တစ်ဧကကို ခြွေလှေ့ချိန် လေးနာရီခန့်သာရှိကြောင်း၊ ဆင့်ကဲသယ်ယူရမှုမရှိသောကြောင့် အလေအလွင့်နည်းပါး၍ လက်ရှိမိုးစပါးပန်းတိုင် တစ်ဧက ပျမ်းမျှ ၁၀၁ ဒသမ ၈တင်း နှင့် နွေစပါးပန်းတိုင်တစ်ဧက ပျမ်းမျှ ၁၁၀ ဒသမ ၈၄တင်းရှိကြောင်း ဥက္ကဋ္ဌ ဦးလှဌေးက သတင်းအဖွဲ့အား ရှင်းပြခဲ့သည်။

"ပွင့်ဖြူမြို့နယ်မှာ ဝမ်းစာစပါး၊ စားသုံးဆီနှင့် ပဲအမျိုးမျိုး ဖူလုံပါတယ်၊ အဓိက ယာမြေတွေကို ဆည်ရေသောက်ပြီး လယ်မြေအဖြစ် ပြောင်းလဲနိုင်အောင် ဆောင်ရွက်နေပါတယ်"

ဦးလှဌေး
ဥက္ကဋ္ဌ
ပွင့်ဖြူမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ထို့နောက် သတင်းအဖွဲ့သည် လယ်သမားကြီး ဦးသောင်းမြင့်အား တစ်နှစ်လုံး သုံးသီးစိုက်ပျိုးရသောကြောင့် အနားယူချိန် ရှိပါသလားဟု မေးမြန်းကြည့်ရာ "တစ်နှစ်လုံး အလုပ်များပြီး မနားရပေမယ့် ပိုက်ဆံက တအားရတာကြောင့် ခုလို မတောင့်မတ၊ မကြောင့်မကြ နေထိုင် စားသောက်နိုင်တာပေါ့ဗျာ"ဟု တောင်သူလယ်သမား ဦးကြီးထံမှ မှတ်သားဖွယ် စကား ကြားသိခဲ့ရပြီး လက်ရှိ အညာကျေးလက်ဒေသမှ တောင်သူလယ်သမားတို့၏ တိုးတက်မြင့်မားလာသော လူနေမှုဘဝ အခြေအနေနှင့် ပူပြင်းခြောက်သွေ့ဒေသ၌ မဖြစ်မနေ ဖွဲလုံ့လဖြင့် တစ်နှစ် သုံးသီးရအောင် ကြိုးစားစိုက်ပျိုးနေကြသော ပွင့်ဖြူမြို့နယ်၏ လယ်ယာစိုက်ပျိုးခြင်းတိုးတက်နေမှုများကို ဂုဏ်ယူဖွယ်ရာ မှတ်တမ်းတင်ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

စာမျက်နှာ ၁၀ မှ

ပြင်သစ်ကတော့ အစိုးရဘဏ်နဲ့ ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများမှာ ငွေအပ်နှံထားသူတွေကို အပြည့်အဝ အာမခံချက်ပေးထားခြင်း၊ ပြည်သူများအကြားကြောက်လန့်တကြားဖြစ်ပြီး စတော့ရှယ်ယာများထုတ်ရောင်းခြင်း၊ ဘဏ်မှ အပ်နှံငွေများ ပြန်ထုတ်ယူခြင်းစတဲ့ လုပ်ရပ်အမှားတွေမဖြစ်အောင် စည်းရုံးပညာပေး ဆွဲဆောင်ခြင်းစတဲ့ နည်းလမ်းတွေနဲ့ ကြိုးပမ်းနေတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် အခြေယိုင်နေတဲ့ လုပ်ငန်းအချင်းချင်း ပေါင်းစည်းခြင်း၊ အကြီးစားလုပ်ငန်းတွေက ယိုင်နဲ့နေတဲ့ လုပ်ငန်းတွေကို ဝယ်ယူသိမ်းသွင်းခြင်းစတဲ့နည်းလမ်းတွေကိုလည်း ဥရောပအစိုးရတွေက အားပေးနေတယ်လို့ ဆိုပြန်ပါတယ်။ ဥရောပသမဂ္ဂ (EU) နိုင်ငံများအတွင်း ယူရိုငွေဘီလီယံ ၅၀၀ အသုံးပြုပြီး အခြေအနေဆိုးတဲ့ လုပ်ငန်းများကို Bail Out ပြုလုပ်ဖို့စတင်ကြိုးပမ်းခဲ့တယ်လို့ ဆိုပါတယ်။

ဒီလိုလုပ်နေတဲ့ကြားကပဲ ဥရောပစက်မှုနိုင်ငံကြီးတွေရဲ့ စက်မှုနဲ့ ဝန်ဆောင်မှု လုပ်ငန်းတွေမှာ ထိခိုက်စပြုနေပြီလို့ ဆိုပြန်ပါတယ်။ စီးပွားရေးစတင်ကျဆင်းနေကြောင်း ထုတ်ဖော်ဝန်ခံမှုတွေလည်း ကြားသိနေရပါတယ်။ ပြောရရင် ဥရောပမှာ အထိအနာဆုံးကတော့ အိုက်စလန်၊ ဟန်ဂေရီ၊ ယူကရိန်းစတဲ့ နိုင်ငံငယ်တွေ ဖြစ်ပါသတဲ့။ အဲဒီနိုင်ငံတွေဟာ အမေရိကန်၊ အခြားဖွံ့ဖြိုးပြီး ဥရောပနိုင်ငံတွေနဲ့ ဘဏ္ဍာရေးဈေးကွက် ချိတ်ဆက်ထားတဲ့အတွက် အခုအချိန်မှာ ကိုယ့်ဇာတ် ကိုယ်မနိုင်ဘဲ ဒုက္ခရောက်ကြရခြင်းမျိုးပါ။ ခုတော့ သူတို့ကို အမေရိကန် အပါအဝင် ဘယ်ဖွံ့ဖြိုးပြီးနိုင်ငံကမှ လှည့်မကြည့်လို့ IMF ဘက်ကို ပြေးပြီး အပူကပ်ရတဲ့ဘဝကို ရောက်နေကြပါပြီ။

အရှေ့အလယ်ပိုင်းအာရပ်နိုင်ငံများနဲ့ အခြားရေနံထွက်တဲ့ ဗင်နီဇွဲလား၊ ရုရှားစတဲ့နိုင်ငံများမှာလည်း ထိခိုက်မှုတွေ ကြီးမားခဲ့ပါတယ်။ အမေရိကန်နဲ့ ဥရောပနိုင်ငံတွေမှာ စီးပွားရေးကျဆင်းပြီး ရေနံဝယ်လိုအားပါထိုးကျသွားတဲ့အတွက် ကမ္ဘာ့ရေနံဈေးဟာ မမျှော်လင့်တဲ့အဆင့်အထိ ကျဆင်းသွားခဲ့ရတာကြောင့် သူတို့လည်း အကြီးအကျယ်ဆုံးရှုံးနစ်နာခဲ့ရတဲ့သဘောပါ။ အခုတော့ ရေနံကို လျှော့ထုတ်ဖို့ ဆွေးနွေးနေရသလို တစ်ဖက်ကလည်း ရေနံထွက်နိုင်ငံများရဲ့ စတော့ဈေးကွက်များလည်း ကျဆင်းသွားတာနဲ့ ရင်ဆိုင်နေရပါပြီ။ ဒါ့အပြင် အဲဒီနိုင်ငံအများစုအနေနဲ့ အမေရိကန်နဲ့ အနောက်နိုင်ငံများမှာ ရင်းနှီးမြှုပ်နှံထားတဲ့ ဘဏ္ဍာငွေကြေးများပါ ထိခိုက်သွားခဲ့တယ်လို့ဆိုပါတယ်။ သိရသလောက်တော့ အနောက်နိုင်ငံများမှာ ဘဏ္ဍာရင်းနှီးမြှုပ်နှံမှုနည်းပါးတဲ့ အီရန်၊ ရုရှား၊ ဗင်နီဇွဲလားစတဲ့နိုင်ငံအချို့သာ ထိခိုက်မှုသက်သာနိုင်ဖွယ်ရှိပြီး ကျန်ဖောက်သည်နိုင်ငံ အများစုကတော့ ရေနံရောင်းအား ကျဆင်းပြီး စီးပွားရေးပြဿနာတွေနဲ့ ရင်ဆိုင်ရမှာ အသေအချာပါပဲ။

အာရှ-ပစိဖိတ် ဒေသနိုင်ငံတွေကို ပြန်ကြည့်ရင်လည်း စက်မှုဖွံ့ဖြိုးတဲ့ ဂျပန်၊ တောင်ကိုရီးယား စတဲ့ နိုင်ငံတွေနဲ့ တရုတ်တိုင်ပေ၊ ဟောင်ကောင်ဒေသတွေမှာ ဘဏ္ဍာရေးအကျပ်အတည်းဒဏ်ကို အထိုက်အလျောက်ခံစားခဲ့ကြရပါတယ်။ ကိုရီးယားမှာဆိုရင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေ ဆုတ်ခွာသွားတဲ့အတွက် ဝမ်ငွေတန်ဖိုး ၄၀ရာခိုင်နှုန်းအထိ ထိုးကျသွားခဲ့ပြီး ဒေဝူး၊ ဆမ်ဆောင်းအစရှိတဲ့ အီလက်ထရွန်နစ်နဲ့ စက်မှုကုမ္ပဏီကြီးများ ရောင်းအားကျဆင်းခဲ့တယ်လို့ ဆိုပါတယ်။ ဂျပန်မှာဆိုရင်လည်း ဂျပန်ယန်းငွေ တန်ဖိုးတက်လာပြီး ဂျပန်ပို့ကုန်များ ဈေးနှုန်းမြင့်မားလာမှုကြောင့် ဆိုနီ၊ တိုရှီဘာ၊ ပင်နာဆိုးနစ်စတဲ့ ကုမ္ပဏီကြီးများအနေနဲ့ ပို့ကုန်ကျဆင်းပြီး အရှုံးပေါ်မယ့်အလားအလာရှိနေပါတယ်။ ဒါကြောင့် တောင်ကိုရီးယားနဲ့ ဂျပန်အစိုးရတွေဟာ စီးပွားရေး လုပ်ငန်းကြီးများကို နိုင်ငံပိုင်ရန်ပုံငွေနဲ့ ကျားကန်ပေးဖို့ ကြိုးပမ်းနေရတယ်လို့ဆိုပါတယ်။ ။

လက်ထပ်မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

နေပြည်တော်နေ
ဗိုလ်မှူးကြီးတင်ငွေ(ဒုတိယဝန်ကြီး၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန)-ဒေါ်ခင်မြချစ်တို့၏သားကြီး

မောင်ဉာဏ်မျိုးအောင်
B.A (D.S.A)
Director (Be One Trading Co., Ltd.)

နှင့်

ရန်ကုန်မြို့နေ
ဦးတင်ဦးလင်း(Representative, IHC Holand)-ဒေါ်တင်စန္ဒာတို့၏သမီးငယ်

မရတနာလင်း B.C.Sc

တို့၏ ၁၄-၁၂-၂၀၀၈ရက်တွင် ရန်ကုန်မြို့ Sedona Hotel(Grand Ballroom)၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီးဒေါ်ခင်စောနှင်းအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများချီးမြှင့်ခြင်းနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေးတို့အား လည်းကောင်း၊ ၁၀-၁၂-၂၀၀၈ရက်တွင် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ် တရားသူကြီးဦးသက်ထွန်းနှင့် ဇနီး အကယ်ဒမီဒေါ်တင်တင်နွဲ့အားလည်းကောင်း၊ အသိသက်သေများအဖြစ်ဆောင်ရွက်ပေးပါသော သရုပ်ဆောင်ကိုခန့်စည်သူနှင့် မမေဦးတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်မိဘဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၂-၁၂-၂၀၀၈ရက်တွင် မဟာသန္တိသုခကျောင်းတိုက်၌ မင်္ဂလာဦးဆွမ်းကျွေးအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခဲ့သော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ နှစ်ဖက်မိဘများ၏ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်၊နယ်ဘက်မှအရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများအားလည်းကောင်း၊ နှစ်ဖက်သောမိဘဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကိုယ်တိုင်တက်ရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ကြပါသော စစ်ဘက်၊ နယ်ဘက်မှ အရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ မေတ္တာဖြင့် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော စိန်ရတနာရွှေဆိုင်မှ ဦးဘွန်စိန်နှင့် အန်တီချိုချိုလွင်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါပေးသီချင်းသီဆိုပေးပါသော ဒေါ်ရီရီသန့်၊ မေတ္တာဖြင့် တီးခတ်ပေးပါသော ကိုကျော်ဇေယျ (PRO)နှင့် တေးသံရှင်များ၊ မင်္ဂလာပန်းကြဲပေးသော မသီရိဆွေ၊ မင်္ဂလာ အောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးသော မခိုင်သဇ္ဈာမောင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မရွှေယင်းမာ၊ သတို့သားအရံများအဖြစ် ဆောင်ရွက်ပေးသော မောင်စစ်မင်းသူ၊ မောင်နေလင်း၊ သတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးပါသော မမြစံဒီထွန်းနှင့် မမေဦး၊ မင်္ဂလာဝတ်စုံနှင့် အရံဝတ်စုံ မဇွဲ(Zu Zu Collection)၊ မစန်းစန်းသောင်း(The Fashion Jadore)၊ မေတ္တာဖြင့်ကူညီပေးသော ရွှေကံ့ကော်ပိုးထည်တိုက်၊ မိတ်ကပ်၊ဆံပင်အလှဖန်တီးပေးပါသော မိတ်ကပ်ကိုမာနှင့်အဖွဲ့၊ မေတ္တာဖြင့်ကူညီပေးသော မိတ်ကပ်ညီညီမောင်(စမ်းချောင်း)နှင့်အဖွဲ့၊ အိုင်ရင်းအောင်အောင်နှင့်အဖွဲ့၊ မင်္ဂလာပန်းအလှဆင်ပေးပါသော(Eternal Florals)၊ အရံများအား မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးပါသော တော်ဝင်သူ၊ ဗီဒီယိုမှတ်တမ်းတင်ပေးပါသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ ကိုသုံးပေါင်နှင့်အဖွဲ့၊ မေတ္တာဖြင့် ဓာတ်ပုံမှတ်တမ်းတင်ပေးပါသော ကိုဝဏ္ဏခွာနီးနှင့်အဖွဲ့၊ ကိုအေးဇော်မိုးနှင့် အဖွဲ့တို့အားလည်းကောင်း၊ ၁၄-၁၂-၂၀၀၈ရက်ည Sedona Hotel(Pool Side)၌ ကျင်းပသော မင်္ဂလာညစာစားပွဲတက်ရောက်ကြသော မိတ်ဆွေများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ မေတ္တာဖြင့်တီးခတ်ပေးပါသော The Trees Band နှင့် တေးသံရှင်များအားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာအလှဓာတ်ပုံများ လက်ဖွဲ့ပေးပါသော ကိုအောင်ကျော်ဦးနှင့် မဂီ၊ Forever Photo Studio၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မြရိပ်ညို Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မဟာသန္တိသုခကျောင်းတိုက်မှ ကူညီပံ့ပိုးပေးခဲ့သော တာဝန်ရှိသူများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအောင်မြင်စွာပြီးမြောက်ရေးအတွက် အဘက်ဘက်မှကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင် ထိုက်သူများအားလုံးကိုလည်းကောင်း ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဉာဏ်မျိုးအောင်-မရတနာလင်း။

(၃၆)နှစ်မြောက်မင်္ဂလာဆုမွန်တောင်း

မေတ္တာတရားကြီးမား၍ သားသမီးများအပေါ် နွေးထွေးမှုအပြည့်ဖြင့် ချစ်မြတ်နိုးသော ကျေးဇူးရှင် ချစ်ဖေဖေ ဦးမောင်မောင်တင်နှင့် ချစ်မေမေ ဒေါ်မာရီတို့၏ ၁၇-၁၂-၂၀၀၈ရက်တွင် ကျရောက်သော (၃၆)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ရွှေရတုမင်္ဂလာ၊ စိန်ရတုမင်္ဂလာရက်များတိုင်အောင် ချစ်သော သား၊ သမီး၊ မြေးများနှင့်အတူ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ပျော်ရွှင်သာယာသောဘဝလမ်းကို အတူတကွလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သားကြီး - တင်မောင်မောင်မြတ်(မြန်မာပိတောက်ထရေးဒင်းကုမ္ပဏီလီမိတက်)
ခင်စုစုလှိုင် B.Sc(Zoology), M.Sc(Q.II)
ချစ်သမီးကြီး - အောင်သူရွှေ(မြန်မာခရေထရေးဒင်းကုမ္ပဏီလီမိတက်)
မီမီတင် B.Sc(Physics)
ချစ်သမီးငယ် - မေသူတင် B.A(Economics), B.Sc(Hons:) Computing and Information Systems
ချစ်မြေးများ - ကောင်းမြတ်တင်(Pambo)၊ ဖြိုးမြတ်တင်(Raymond)
အောင်တေဇရွှေ(Jonathan)၊ ကေသရီတင်(Angela)။

လက်ထပ်ပြီးစီးခြင်း

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နေ ဦးစိန်မွေး(ဆောက်လုပ်ရေး၊ငြိမ်း)-ဒေါ်သိန်းတင်တို့၏သား
ဒုရဲအုပ်မျိုးမြင့်ထွန်း-ဒေါ်ဥမ္မာအောင်(နည်းပြ၊ထိုင်းဘာသာဌာန၊UFL)တို့၏ညီ၊ (ဗိုလ်ကြီးစိုင်းဆိုင်လျမ်း)-မဆုမြတ်မွန်တို့၏အစ်ကို

မောင်အေးမင်းထွန်း B.E Civil(YTU)
Welltech Construction Pte.,Ltd.(Singapore)
နှင့်
မကွေးတိုင်း၊ ရေစကြိုမြို့နေ ဦးလှမြိုင်-ဒေါ်မြစိန်တို့၏သမီး
ကိုကျော်နိုင်ဦး-မခင်နှင်းအေး၊ ကိုကျော်လွင်-မနွယ်နွယ်ဝင်းတို့၏ညီမ
ကိုရန်အောင်(ကောင်းစံ နိုင်ငံတကာသုံး တရုတ်ဘာသာစကားပြောသင်တန်း) ၏အစ်မ

မတင်တင်အေး B.E Civil(MTU) Evan Lim & Co.,Pte.,Ltd.(Singapore)

တို့သည် ၁၄-၁၂-၂၀၀၈ရက်တွင် နှစ်ဖက်သောမိဘများသဘောတူညီချက်အရ IBC မင်္ဂလာခန်းမ၌ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အေးမင်းထွန်း-မတင်တင်အေး။

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၇)ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်(ခ/၃)နေ
ဦးချစ်ဝင်း-ဒေါ်ဝင်းကြည်(စိန်စိုးစံ ရတနာရွှေဆိုင်)တို့၏သားငယ်

မောင်ညွန့်ဌေး(ခ)ဇင်ဌေး B.A (Eco)

နှင့်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ သန်လျင်တံတားအိမ်ရာဝင်း၊ ခရေလမ်း၊ အမှတ်၁၅၀နေ
ဦးစံမြင့်(အငယ်တန်းအင်/ယာ၊လမ်း/တံတား၊ငြိမ်း)-ဒေါ်အေးအေးမော်တို့၏သမီး

မနှင်းယုမော် B.A (Business Science) (Y-Fashion Saloon)

တို့သည် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်၌ ၁၂-၁၂-၂၀၀၈ရက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ညွန့်ဌေး-မနှင်းယုမော်။

အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဒဂုံမြို့နယ် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် ဂုဏ်ထူးရကျောင်းသားကျောင်းသူများဂုဏ်ပြုပွဲအခမ်းအနား

၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ဂုဏ်ထူးရကျောင်းသား ကျောင်းသူများစာရင်း

၁။ ခြောက်ဘာသာဂုဏ်ထူးရှင် - ၂၄ ဦး
၂။ ငါးဘာသာဂုဏ်ထူးရှင် - ၉၅ ဦး
၃။ လေးဘာသာဂုဏ်ထူးရှင် - ၁၃၃ ဦး
၄။ သုံးဘာသာဂုဏ်ထူးရှင် - ၆၅ ဦး
၅။ နှစ်ဘာသာဂုဏ်ထူးရှင် - ၆၂ ဦး
၆။ တစ်ဘာသာဂုဏ်ထူးရှင် - ၉၄ ဦး

မြန်မာတစ်နိုင်ငံလုံး Top-Ten ဝင် ရှစ်ဦး
သင်္ချာအိုလံပစ်ပြိုင်ပွဲ ပထမရရှိသူ တစ်ဦး

ကျင်းပမည့်ရက် - ၂၁-၁၂-၂၀၀၈ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉:၀၀ နာရီ
ကျင်းပမည့်နေရာ - အထက(၁)ဒဂုံ၊ ဒဂုံသီရိခန်းမ

မှတ်ချက် ။ ။ ဆုပေးပွဲအခမ်းအနားသို့ **ကျောင်းဝတ်စုံဖြင့်** မပျက်မကွက်တက်ရောက်ကြပါရန်။

မိဘဆရာအသင်း
အထက(၁)ဒဂုံ။

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ကျေးရွာများ၌ ကျန်းမာရေးကွင်းဆင်းစောင့်ရှောက်၊ အသိပညာပေးဟောပြော

လားရှိုး ဒီဇင်ဘာ ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသင်းများသည် ပြည်နယ်အထူးကုဆရာ ဝန်ကြီးများနှင့်အတူ ဒီဇင်ဘာ ၁၁ရက် မွန်းလွဲ ၁နာရီက လားရှိုးမြို့ နယ် ခေးခမ်းကျေးရွာသို့ ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အသိပညာပေးခြင်းနှင့် အနွေးထည်များ၊ ကျောင်းဝတ်စုံများ ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဝေငှ

ရှေးဦးစွာ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီသည် သက်ကြီးရွယ်အိုဘိုးဘွား ၈၅ဦးကို တွေ့ဆုံအားပေးပြီး မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ပေးပို့လှူဒါန်းသော အနွေးထည်များကို ဘိုးဘွားများ၊ ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များအား ဝေငှပေးသည်။

ဆက်လက်၍ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစိုင်းစံဝင်းနှင့် ပြည်နယ်ဆေးရုံအုပ်ကြီး ဒေါက်တာစိုးမြတ်ဆွေတို့ ဦးဆောင်သော သမားတော်ဒေါက်တာ ဦးမျိုးမြင့်မော်၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာကျော်ဇောလင်း၊ ပြည်နယ်ခုခံကျနှင့် ကာလသားတိုက်ဖျက်ရေးအဖွဲ့ ဆရာဝန်ကြီး ဒေါက်တာမြင့်ကျော်၊ သားဖွားမီးယပ်ဆရာဝန် ဒေါက်တာမိုးနွယ်တို့က ကျေးရွာသူရွာသားများ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစစ်ဆေးကုသပေးခြင်းနှင့် ဖျားနာနေသော လူနာများအား ငှက်ဖျားပိုး အခမဲ့သွေးစစ်ဆေးပြီး ငှက်ဖျားသောက်ဆေးများနှင့် ဆေးဝါးများ ပေးအပ်ကုသနေခြင်းတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဥက္ကဋ္ဌဒေါ်ချယ်ရီသည် ခေးခမ်းမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံများကို ပေးအပ်ပြီး အသင်းဝင်အဆိုပြုလွှာများကို လက်ခံသည်။

အဆိုပါ ကွင်းဆင်းကုသရာတွင် အထွေထွေရောဂါလူနာ ၆၀၊ ကိုယ်ဝန်ဆောင်မိခင် ၁၁ဦး၊ မီးယပ် လူနာနှစ်ဦး၊ သားကြောဖြတ်ရန် ညွှန်းပို့လူနာ သုံးဦး၊ ကလေးလူနာ ၃၅ဦး၊ အရေပြားရောဂါ ၂၂ဦးနှင့် ငှက်ဖျား သွေးဖောက် ၁၀ဦး စုစုပေါင်း ၁၄၃ဦးတို့အား ရောဂါရှာဖွေစစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနအနောက်ပိုင်းခရိုင် ခရိုင်မှူး ဒေါ်ခင်နီ၏ စီစဉ်မှုဖြင့် ခရိုင်အတွင်းရှိဈေးများတွင် သုံးစွဲနေသော အလေး၊ ချိန်ခွင်၊ တင်းတောင်းများ မှန်ကန်မှု ရှိ၊ မရှိကို သက်ဆိုင်ရာဈေးတာဝန်ခံများက စစ်ဆေးလျက်ရှိရာ ဒီဇင်ဘာ၁၆ရက်တွင် သိမ်ကြီးဈေးအေ၊ ဘီ ဈေး တာဝန်ခံနှင့် အဖွဲ့က ဈေးအတွင်းသုံးစွဲနေသော အလေးချိန်ခွင်များကို တိုက်ဆိုင်စစ်ဆေးစဉ်။ (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၇-၁၂-၂၀၀၈ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ ယုဇနစားသုံးဆီသန့်စင်စက်ရုံ
၇:၅၅ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၀၅ ၆။ **အား··· နာတယ်** ခန့်စည်သူ၊ မိုးပြည့်ပြည့်မောင်၊ ရော၊ မျိုးမျိုးခိုင် (ဒါရိုက်တာ - ဖုန်းမြင့်အောင်)
၈:၃၀ ၇။ International News
၈:၄၅ ၈။ အတီးပြိုင်ပွဲ
၉:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄:၂၀ ၃။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
၄:၃၀ ၄။ **မြူတိမ်ကင်းသောနေ့** ထွန်းထွန်းဝင်း၊ မင်းထက်ကျော်ဇင် စိုးမိုးကြည်၊ ပုလဲဝင်း (ဒါရိုက်တာ - သိန်းဟန်ဖီးနစ်)
၄:၄၀ ၅။ သီချင်းကြီးပဒေသာ
၄:၅၀ ၆။ အကပြိုင်ပွဲ
၅:၀၀ ၇။ တေးဂီတအစီအစဉ်
၅:၁၀ ၈။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) (ရူပဗေဒ)
၅:၂၀ ၉။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၃၀ ၁၀။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
၅:၄၀ ၁၁။ တေးဂီတအစီအစဉ်
၅:၅၀ ၁၂။ ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
၆:၀၀ ၁၃။ ညနေခင်းသတင်း
၆:၃၀ ၁၄။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၅။ မြန်မာ့ဓလေ့ ရိုးရာလက်ဖွဲ့
၆:၅၅ ၁၆။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇:၂၅ ၁၇။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **ပန်းမချစ်သောပန်းချစ်သူ** ခန့်စည်သူ၊ ဆုပန်ထွာ၊ နိုရာအန်း (ဒါရိုက်တာ-မောင်နန္ဒ)
၂၀။ အစီအစဉ်ပြီး၏။

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အင် တာ နက် သ တင်း အ တို အ ထွာ

- *ဖီဖာကမ္ဘာ့ကလပ်ဘောလုံးပြိုင်ပွဲ၌ မိမိတို့အောင်ပွဲဆင်နိုင်မည်ဟု အပြည့်အဝ ယုံကြည်ကြောင်း မန်ယူနည်းပြဖာဂူဆန်က ထုတ်ဖော်ပြောကြားလိုက်သည်။*
- ***အေစီမီလန်က နှစ်ရှည်စာချုပ်ဖြင့်ခေါ်ယူကစားပါက မိမိအနေဖြင့် ကစားရန် အသင့်ရှိနေကြောင်း ဒေးဗစ်ဘက်ဟမ်းကပြောကြားသည်။***
- *ပရီမီယာလိဂ်ဖလားကို မိမိတို့အရယူနိုင်မည်ဟု ယုံကြည်နေကြောင်း၊ ရရှိမည်ဟု လည်းဆုံးဖြတ်ချက်ချပြီး ကြိုးစားနေပြီဖြစ်ကြောင်း လီဗာပူးတိုက်စစ်မှူး တောရက်စ်က ထုတ်ဖော်ပြောကြားသည်။*
- ***ပရီမီယာလိဂ်၏ ၂၀၀၈ခုနှစ်အတွက် အကောင်းဆုံး ဂိုးသမား၁၀ဦးကို ရွေးချယ်ရာတွင် ချယ်လ်ဆီးဂိုးသမား ပီတာချက်က ထိပ်ဆုံးနေရာ၌ရှိနေသည်။***
- *မိုက်ကယ်အိုဝင်၊ နစ်ကီဘတ်၊ စတိဗ်ဟာပါနှင့် အမီယိုဘီတို့အား ရာသီမကုန်မီ စာချုပ်အသစ်များ ချုပ်ဆိုသွားမည်ဖြစ်ကြောင်း နယူးကာဆယ်ကလပ်ပိုင်ရှင် မိုက်အက်ရှ်လေက ထုတ်ဖော်ပြောကြားသည်။*
- ***ပို့စ်မောက်တိုက်စစ်မှူး ဒီယာရာကို လာမည့်ဇန်နဝါရီအပြောင်းအရွှေ့၌ မန်စီးတီးက စာချုပ်ချုပ်ဆိုခေါ်ယူမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။***
- *၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ပြင်ဆင်မှုနှေးကွေးနေသော တောင်အာဖရိကနိုင်ငံအပေါ် စိုးရိမ်မှုများ ရှိနေမှုနှင့်ပတ်သက်၍ ယင်းနိုင်ငံ၌သာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ နေရာပြောင်းရွှေ့ရန် အစီအစဉ်မရှိကြောင်း ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက အခိုင်အမာပြောကြားလိုက်သည်။*

ပရီမီယာလိဂ်နဲ့ ဘောလုံးသမားများရဲ့ ဝင်ငွေဂယက်

◆ မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ◆ ဉာဏ်ဟိန်းစိုး စာမျက်နှာဖွဲ့စည်းသည် ◆

လန်ဒန် ဒီဇင်ဘာ ၁၆

ပရီမီယာလိဂ်ဘောလုံးသမားတွေရဲ့လုပ်ခလစာငွေကို ကလပ်ပိုင်ရှင်တွေက စိတ်တိုင်းကျပေးနေတာမို့ ပရီမီယာလိဂ်ဟာ ကမောက်ကမဖြစ်တော့မယ်လို့ ဝေဖန်သံတွေ ဆူညံလာချိန်မှာ ပရီမီယာလိဂ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရစ်ချတ်အက်ကူဒါမိုက ဒီလိုလုပ်ခလစာတွေတိုးပေးတာကို ထောက်ခံတယ်လို့ ဆိုလိုက်ပါတယ်။

မျှော်လင့်ချက်တစ်ခုပါ

ပရီမီယာလိဂ်မှာကစားနေတဲ့ ဘောလုံးသမားတွေရဲ့ လုပ်ခလစာငွေတွေ တိုးပေးသင့်တယ်ဆိုတာ အရင်ကတည်းက ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်တစ်ခုပါလို့ ရစ်ချတ်အက်ကူဒါမိုက ပြောကြားနေပါတယ်။ တကယ်တော့ ပရီမီယာလိဂ်ကလပ်အသင်း ၂၀မှာ လာရောက်ကစားနေကြတဲ့ ကမ္ဘာကျော်ဘောလုံးသမားတွေဟာ ကလပ်ပိုင်ရှင်တွေရဲ့ စိတ်ကြိုက်တွေ့ရင် လုပ်ခလစာတိုးပေးတာဟာ အင်မတန်ကောင်းတဲ့အချက် ဖြစ်ပါတယ်လို့လည်း ရစ်ချတ်အက်ကူဒါမိုက ဆက်လက်ပြောကြားနေပါတယ်။

ရေးသားထား

ဒါပေမယ့် ဘောလုံးအသင်းအတော်များများဟာ ကစားသမားတွေရဲ့ လုပ်ခလစာတွေ ပေးချေတဲ့အခါ တစ်ဦးနဲ့တစ်ဦး မတူပေမယ့် အသင်း၏ဝင်ငွေအပေါ်မှာ အခြေခံတွက်ချက်ပြီးပေးကြတဲ့ သဘောတော့ရှိပါတယ်လို့ ဆောင်းပါးရှင် ဖီးလ်ဟိုလန်က ရေးသားထားပါတယ်။ ဥပမာအနေနဲ့ မန်ယူအသင်းဟာ တစ်နှစ်ဝင်ငွေပေါင်သန်း ၂၃၀လောက်ရရှိခဲ့တဲ့ ၁၉၅၈ခုနှစ်တုန်းကလည်း ဘောလုံးသမားတွေရဲ့လုပ်ခလစာဟာ ဝင်ငွေရဲ့အချိုးအစားပေါ် မူတည်ပြီး တွက်ချက်ပေးခဲ့တာပါပဲ။ အဲဒီတုန်းက ဥရောပဖလားကို ဆွတ်ခူးနိုင်ခဲ့တယ်လို့ ဆောင်းပါးရှင်ဖီးလ်ဟိုလန်ကဆိုပါတယ်။

အခုပရီမီယာလိဂ်မှာ ဘောလုံးသမားတွေရဲ့လုပ်ခလစာတွေကို အတားအဆီးမရှိပေးနေတဲ့ မန်စီးတီးပိုင်ရှင်တွေကြောင့် အသင်းအောင်မြင်မှုရဖို့ဆိုတာ ဘောလုံးသမားတွေရဲ့ လုပ်ခလစာနဲ့မဆိုင်ဘူးလို့ဝေဖန်နေပါတယ်။ မန်စီးတီးကလပ်ပိုင်ရှင်တွေဟာ ဗလင်စီယာအသင်းက ဒေးဗစ်ဗီလာကို တစ်ပတ်လုပ်ခလစာ ပေါင် ၁၅၀၀၀၀နဲ့ ဇန်နဝါရီအပြောင်းအရွှေ့မှာ ခေါ်ယူတော့မှာပါ။ ဒီလိုခေါ်ယူလိုက်ရင် မန်စီးတီးမှာ ကစားနေပြီဖြစ်တဲ့ ရော်ဘင်ဟိုရဲ့ တစ်ပတ်လုပ်ခလစာ ၁၅၀၀၀၀နဲ့ တူညီပြီး သူတို့နှစ်ဦးမှာတင် တစ်ပတ်လုပ်ခလစာပေါင် ၃၀၀၀၀၀လောက် ပေးချေရတော့မှာပါ။

တောင်းဆို

ဒါ့အပြင်ဒေးဗစ်ဗီလာရဲ့ပြောင်းရွှေ့ကြေးကိုလည်း ပေါင်သန်း ၆၀ပေးဖို့ ကတိပြုထားတဲ့အပြင် ဂျူဗင်းတပ်စ်ရဲ့ ဂိုးသမားဘတ်ဖွန်းကိုလည်း ကမ္ဘာ့အမြင့်ဆုံးလုပ်ခလစာပေးပြီး ခေါ်ယူဖို့ကြိုးစားနေပါတယ်။ ဒါက မန်စီးတီးအသင်းဝင်ငွေနဲ့ မမျှတတဲ့ ငွေကြေးသုံးစွဲမှုဖြစ်တာမို့ဝင်ငွေ အပေါ်အခြေခံပြီး လုပ်ခလစာသုံးစွဲနေရတဲ့ ကျန်ကလပ်အသင်းတွေအပေါ် အကြီးအကျယ်ရိုက်ခတ်စေတော့တာပါပဲ။ အခုဆိုရင် မန်ယူအသင်းမှာ စီရိုနယ်ဒို၊ ဘာဘာတော့ဗ်၊ ရွန်နေ၊ ဗီဒစ်ချ်နဲ့ ဖာဒီနန်တို့ကလည်း သူတို့ရဲ့လုပ်ခလစာတွေကို တိုးမြှင့်ပေးဖို့ တောင်းဆိုနေကြတယ်လို့ ဆိုပါတယ်။

လှုပ်လှုပ်ရှားရှား

ဒီလိုပါပဲ၊ ချယ်လ်ဆီးအသင်းမှာ လမ်းပတ်၊ တယ်ရီ၊ ဒရော့ဘာတို့ကလည်း ရာသီအစမှာတိုးမြှင့်ပေးတဲ့ လုပ်ခလစာတွေကို ထပ်တိုးပေးဖို့ ကလပ်ပိုင်ရှင်တွေကို အရေးဆိုဖို့ ပြင်ဆင်နေကြတယ်လို့ သတင်းတွေပေါ်လာပါတယ်။ လီဗာပူးအသင်းမှာ တောရက်စ်နဲ့ ဂျရတ်တို့ကလည်း သူတို့ရဲ့ လစာငွေတွေကို ပြန်သုံးသပ်ဖို့ ပြောကြားနေကြတာမို့ ပရီမီယာလိဂ်ဘောလုံးသမားတွေလည်း လှုပ်လှုပ်ရှားရှားတော့ ဖြစ်နေကြပြီဖြစ်ပါတယ်။

စောင့်ကြည့်

ဒီလိုအချိန်မှာ ပရီမီယာလိဂ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရစ်ချတ်အက်ကူဒါမိုက ပရီမီယာလိဂ်ဟာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားတွေလာရောက်ကစားစေဖို့ ဆွဲဆောင်မှုတစ်ရပ်ဖြစ်စေတဲ့အပြင် ကမ္ဘာပေါ်မှာ စိတ်ဝင်စားစရာ အကောင်းဆုံး ဘောလုံးပြိုင်ပွဲတစ်ရပ် အမြဲတမ်းဖြစ်နေဖို့ဆိုတာ ပါဝင်ကစားနေတဲ့ဘောလုံးသမားတွေရဲ့ လုပ်ခလစာတွေတိုးမြှင့်ပေးတာဟာ လုပ်သင့်လုပ်ထိုက်တဲ့အချက်ဖြစ်တယ်လို့ပြောကြားနေတာမို့ ပရီမီယာလိဂ်ကလပ်ပိုင်ရှင်တွေနဲ့ဘောလုံးသမားတွေကြားမှာ ဘယ်လိုဇာတ်လမ်းတွေဖြစ်ပေါ်လာမလဲဆိုတာ စိတ်ဝင်စားစရာ စောင့်ကြည့်ရတော့မှာပဲ ဖြစ်ပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

ပရီမီယာလိဂ် ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ

ဘောလုံးသမားများ၏ လုပ်ခလစာငွေတိုးမြှင့်မှုကို ထောက်ခံပြောကြားနေသော ပရီမီယာလိဂ် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရစ်ချတ်အက်ကူဒါမို။
(အင်တာနက်ဓာတ်ပုံ)

ရီးရဲမက်ဒရစ်တွင် ရာမို့စ်၏ စွန့်စားခန်း ပိုမိုပြင်းထန်လာပြီဟုဆို

လန်ဒန် ဒီဇင်ဘာ ၁၆

ဂျူအန်ဒီရာမို့စ်သည် စပါးအသင်းတွင် နည်းပြတာဝန်မှ ရပ်စဲခံရပြီးနောက် ရီးရဲမက်ဒရစ် စွန့်စားခန်းကြီး တစ်ရပ်ကို စတင်ခဲ့ပြီဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။

ရာမို့စ်သည် ပရီမီယာလိဂ်ပြိုင်ပွဲတွင် စပါးအသင်းခြောက်ပွဲရှုံးနိမ့်ကာ နှစ်ပွဲသရေကျခဲ့သည့်အတွက် ဇယားအောက်ခြေမှ ရေတွက်လျှင် သုံးသင်းမြောက်သို့ ရောက်ရှိခဲ့ပြီးနောက် လွန်ခဲ့သော သီတင်းပတ်ခုနစ်ပတ်က စပါးနည်းပြအဖြစ်မှ အထုတ်ခံခဲ့ရသည်။

သို့သော်လည်း နည်းပြအဖြစ်မှ ရပ်စဲခံခဲ့ရသော ဘန်ရှူးစတား၏နေရာတွင် အစားထိုးတာဝန်ပေးရန် ရီးရဲမက်ဒရစ်အသင်း၏ အုံ့သြဖွယ်ရာ ရွေးချယ်ခံခဲ့ရသည်။ ပြီးခဲ့သည့် ဒီဇင်ဘာ ၁၃ရက်က ၎င်း၏ ရီးရဲမက်ဒရစ်အသင်းသည် စပိန်လာလီဂါ ပြိုင်ဘက်ဘာစီလိုနာအား နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် ရီးရဲမက်ဒရစ်တွင် ၎င်း၏စွန့်စားမှုမှာ ပို၍ပြင်းထန်လာခဲ့ပြီဖြစ်သည်။ (အင်တာနက်)

အက်ဒရီယာနိုအား အသင်းမှထွက်ခွာခွင့်ပြုမည်ဟု အင်တာမီလန်နည်းပြ ပြောကြား

လန်ဒန် ဒီဇင်ဘာ ၁၆

အိုင်ဗရီကို့စ်နှင့်ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာအား အင်တာမီလန်အသင်းက ခေါ်ယူမည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီးနောက် အင်တာမီလန်နှင့် ဘရာဇီးတိုက်စစ်မှူး အက်ဒရီယာနိုအား အင်တာမီလန်အသင်းမှ ထွက်ခွာခွင့်ပြုမည်ဟု နည်းပြဂျို့စ်မော်ရင်ဟိုက အရိပ်အမြွက်ပြောကြားခဲ့သည်ဟု ဆိုသည်။

မရေမရာဖြစ်

ချယ်လ်ဆီးနည်းပြဟောင်းမော်ရင်ဟိုသည် စတန်းဖို့ဒ်ဘရစ်ချ်မှ တိုက်စစ်မှူးဟောင်း ဒရော့ဘာအား လာမည့် နွေရာသီ၌ ခေါ်ယူရန် စိတ်ဝင်စားနေခဲ့သည်ဟု ဆိုသည်။

ကျဆင်း

အသက်၂၆နှစ်ရှိ အက်ဒရီယာနိုသည် ၎င်း၏ဒဏ်ရာကိုကုသရန် ဘရာဇီးသို့ ပြန်သွားခဲ့သည်။ အင်တာမီလန်အသင်းတွင် ၎င်း၏စွမ်းဆောင်ရည်ကျဆင်းခဲ့ပြီးနောက် အသင်းတွင်ဆက်ရှိနေရေး ၎င်း၏အနာဂတ်မှာ မရေမရာဖြစ်နေကြောင်း သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

ဂျမေကာအပြေးသမား အူစိန်ဘော့ မီတာ ၄၀၀ ကမ္ဘာ့စံချိန်တင်မည်

လန်ဒန် ဒီဇင်ဘာ ၁၆

ဂျမေကာအပြေးသမား အူစိန်ဘော့က မိမိအနေဖြင့် လွန်ခဲ့သည့်ကိုးနှစ်က မိုက်ကယ်ဂျွန်ဆင်တင်ထားခဲ့သော မီတာ ၄၀၀ ကမ္ဘာ့စံချိန်ကို ချိုးမြမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၅ရက်က ပြောကြားလိုက်သည်။

ကြုံးဝါး

အူစိန်ဘော့သည် ပြီးခဲ့သည့် ၂၀၀၈ပေကျင်းအိုလံပစ်၌ မီတာ ၁၀၀နှင့် မီတာ ၂၀၀တို့၌ ကမ္ဘာ့စံချိန်တင်ထားနိုင်ခဲ့သူဖြစ်သည်။ ယခုအခါ မီတာ ၄၀၀၌ မိုက်ကယ်ဂျွန်ဆင် ၁၉၉၉ ခုနှစ်ကတင်ထားခဲ့သော ၄၃ဒသမ ၁၈ စက္ကန့်စံချိန်ကို ချိုးမြမည်ဟု ကြုံးဝါးထားသည်။

လျော့နည်း

လောလောဆယ်လေ့ကျင့်မှုများအရ အူစိန်ဘော့သည် မီတာ ၄၀၀ကို မိုက်ကယ်ဂျွန်ဆင် တင်ထားသော စံချိန်ထက် ၀ ဒသမ ၁၁စက္ကန့်လျော့နည်းစွာ ပြေးထားနိုင်သည်။

(အင်တာနက်)

လက်ဝှေ့ကျော်ဒေးဗစ်ဟာရေးနှင့် ကလစ်ချ်ကို လာမည့်နှစ်ဇွန်လတွင် ယှဉ်ပြိုင်ထိုးသတ်ကြမည်

လန်ဒန် ဒီဇင်ဘာ ၁၆

ဒေးဗစ်ဟာရေးသည် လာမည့်နှစ်ဇွန်လတွင် လက်ဝှေ့ကျော် ဗီတာလီ ကလစ်ချ်ကိုနှင့် ယှဉ်ပြိုင်ထိုးသတ်ခြင်းဖြင့် ၎င်း၏ ကမ္ဘာ့ဟဲဗီးဝိတ်သရဖူရယူရေးအိပ်မက်ကို အကောင်အထည်ဖော်ခွင့်ရလိမ့်မည်ဟု သတင်း၌ဖော်ပြသည်။

အတည်ပြု

ဗြိတိသျှလက်ဝှေ့ကျော်ဟာရေးသည်လန်ဒန်မြို့အိုတူးအားကစားရုံကြီးတွင် ဒဗလျူဘီစီချန်ပီယံသရဖူရယူရေးအတွက် ယှဉ်ပြိုင်ထိုးသတ်ရန် သဘောတူညီချက်ရယူ အတည်ပြုခဲ့ပြီးဖြစ်သည်။

စွမ်းဆောင်နိုင်

ဟာရေး၏ မန်နေဂျာအစ္စမ်ဘုသ်သည် ယူကရိန်းလက်ဝှေ့ကျော် ကလစ်ချ်ကိုနှင့် ကာလကြာရှည်စွာ ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် ဟာရေးနှင့်ယှဉ်ပြိုင်ထိုးသတ်ရေးအတွက် သဘောတူစာချုပ် ချုပ်ဆိုပြီးစီးရန် စွမ်းဆောင်နိုင်ခဲ့သည်။

ပြိုင်ဘက်ကင်း ချန်ပီယံဟောင်း ဟာရေးသည် အသက် ၃၇နှစ်ရှိ ကလစ်ချ်ကိုနှင့် ယှဉ်ပြိုင်ထိုးသတ်လိုစိတ်ကို မဖုံးကွယ်နိုင်တော့ဟုဆိုသည်။ **(အင်တာနက်)**

ဘလက်ဘန်းအသင်း စွမ်းဆောင်ရည်ကျဆင်းမှု နည်းပြပေါလ်အင့် နောက်ဆုံးအခြေအနေသို့ ရောက်ရှိနေ

လန်ဒန် ဒီဇင်ဘာ ၁၆

ဘလက်ဘန်းအသင်းသည် ဒီဇင်ဘာ ၁၃ရက်က ဝီဂန်အသင်းအား သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြပေါလ်အင့်၏ ဘလက်ဘန်းအသင်းတွင် ဆက်လက်ရပ်တည်နိုင်ရေးမှာ သေရေးရှင်ရေးအခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။

ဆိုးရွား

ဘလက်ဘန်းအသင်းအနေဖြင့် ယခုကဲ့သို့ အခြေအနေဆိုးရွားခဲ့မှုသည် ၁၉၉၉ ခုနှစ်တွင် ကြုံခဲ့ရဖူးပြီး ယခုအချိန်တွင် ထပ်မံ၍ ဒုတိယအကြိမ် အခြေအနေဆိုးရွားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ကြိုးစားခဲ့

မိမိအနေဖြင့် အောင်မြင်မှုရရှိရေးအတွက် ပြင်ဆင်ကြိုးစားခဲ့ကြောင်း၊ မိမိကစားသမားများသည် အကောင်းဆုံးကစားခဲ့ကြောင်း၊ သို့သော်လည်း ကံကြမ္မာက မိမိဘက်တွင် ရှိမနေသေးကြောင်း၊ မိမိအနေဖြင့်လည်း နောက်ဆုံးအခွင့်အရေးတစ်ရပ်အဖြစ် လာမည့်ပရီမီယာလိဂ်ပြိုင်ပွဲများတွင် အစွမ်းကုန်ပြင်ဆင်ကြိုးစားသွားမည်ဖြစ်ကြောင်း ဘလက်ဘန်းနည်းပြပေါလ်အင့်က ပြောကြားခဲ့သည်။ ။

ချစ်စိုးနိုင် စုစည်းသည်

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် မြေယာရှုခင်းအလှပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တောင်တွင်းကြီးမြို့၌ မီးငြှိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြ

တောင်တွင်းကြီး ဒီဇင်ဘာ ၁၄

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးငြှိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲကို ဒီဇင်ဘာ ၅ရက်နံနက် ၁၀နာရီက မြို့မဈေးကြီးအတွင်း၌ ကျင်းပသည်။ ထို့နောက် မီးငြှိမ်းသတ်ရေး ဇာတ်တိုက် လေ့ကျင့်သရုပ်ပြပွဲကို **(ယာပုံ)** မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမောင်ဝင်းနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးခင်မောင်ကိုတို့ ဦးဆောင်ပြီး အဖွဲ့ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်များဖြင့် စုစုပေါင်းအင်အား ၁၀၀ခန့် ပူးပေါင်းဆောင်ရွက်ရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် မြို့မိမြို့ဖများ ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ မကွေး၌ ကျန်းမာရေး အသိပညာပေး ဟောပြော

မကွေး ဒီဇင်ဘာ ၁၀

မကွေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော (၂၁)ကြိမ်မြောက် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၆ရက် မွန်းလွဲ ၂နာရီက မကွေးမြို့ ကုန်သည်ကြီးများအသင်း ကုန်စည်ဒိုင်၌ ကျင်းပသည်။

ဟောပြော

ရှေးဦးစွာ မကွေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချိုချိုက အမှာစကား ပြောကြားပြီး ခုခံအားကျဆင်းမှု ကူးစက်ရောဂါဌာန တိုင်းတာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာဒေါ်မို့မို့စိမ်းက ခုခံအားကျဆင်းခြင်းကူးစက်ရောဂါအကြောင်းကို ပညာပေး ဟောပြောသည်။

ဂုဏ်ပြုလက်ဆောင်

ထို့နောက် မကွေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချိုချိုက ခုခံအား ကျဆင်းမှုကူးစက်ရောဂါဌာန တိုင်းတာဝန်ခံဆရာဝန်ကြီး ဒေါက်တာ ဒေါ်မို့မို့စိမ်းအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြောင်း သိရသည်။ (ဝ၇၂)

အထက(၁)ရန်ကင်း အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၆

အထက(၁)ရန်ကင်းကျောင်းသားကျောင်းသူဟောင်းများ၏ (၁၉၆၂-၁၉၇၈)ခုနှစ်အတွင်း ဤကျောင်းတွင်တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် အဆိုပါ သီရိရတနာခန်းမ၌ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေကို ဦးဇေယျကို ဖုန်း-၀၉-၅၁-၆၇၅၅၆၊ ဗိုလ်ကြီးတင်မောင်အေး(ငြိမ်း) ဖုန်း-၀၉-၅၂-၀၀၂၀၀၊ ဦးအောင်ခိုင် ဖုန်း-၅၇၀၀၈၉၊ဦးသန်းညွှန့် ဖုန်း-၀၉-၅၁-၅၂၈၂၅၊ ဦးစိုးမြင့် ဖုန်း-၀၉-၅၀-၆၃၈၈၉၊ ဦးအောင်ကျော်ဦး ဖုန်း-၀၉-၅၀-၀၂၆၁၂၊ ဦးခင်မောင်လှိုင် ဖုန်း-၀၉-၅၀-၄၀၉၉၇၊ ဒေါ်ခင်မြတ်သက် ဖုန်း-၀၉-၈၀-၂၄၉၃၀နှင့် ကျောင်းအုပ်ကြီး အထက(၁)ရန်ကင်း ဖုန်း-၅၅၇၅၀၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

စာအုပ်ပြပွဲနှင့် စာပေဟောပြောပွဲ ကော့ကရိတ်မြို့ တောင်ကြာအင်းကျေးရွာ၌ ကျင်းပ

ကော့ကရိတ် ဒီဇင်ဘာ ၈

ကော့ကရိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံ၊ နံရံကပ်စာစောင် ပြပွဲနှင့် ဟောပြောပွဲကို နိုဝင်ဘာ ၂၂ရက်က ကော့ကရိတ်မြို့ တောင်ကြာအင်း အထက(ခွဲ)ကျောင်း၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင်အထက(ခွဲ)တာဝန်ခံကျောင်းအုပ် ဆရာကြီးဦးစံမြင့်အောင်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်မျိုးဝင်းက စာဖတ်ပါခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမန်းတင့်မော်က အမျိုးသားရေး စိတ်ဓာတ်ရှိရေး ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

လေ့လာကြည့်ရှု

ထို့နောက် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများက ကော့ကရိတ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော မှတ်တမ်းဓာတ်ပုံ၊ စာစောင်နှင့် စာအုပ်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြသည်။ **(ခရိုင် ပြန်/ဆက်)**

မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ၂၂ရက်က ဈေးတန်းရပ်ကွက် ပြည်သူ့ပန်းခြံအနီး ပြည်ထောင်စုလမ်းမကြီးဘေး၌ အဖွဲ့ဝန်ထမ်းများ စုပေါင်း သန့်ရှင်းရေး ပြုလုပ်ရာ အမှုဆောင်အရာရှိ ဦးကိုကိုနှင့်အငယ်တန်းအင်ဂျင်နီယာ(၂)ဦးမြတ်ဇော်လင်းတို့ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဖြူးမြို့နယ် ဦးရုံးစု၌ စာကြည့်တိုက်အဆောက်အအုံဖွင့်

ဖြူး ဒီဇင်ဘာ ၁၂

ဖြူးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဖြူးမြို့နယ် တံခွန်တိုင်ကျေးရွာအုပ်စုဦးရုံးစုကျေးရွာ၌ ရဲရင့်သူကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၉ ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။**(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးမှူးဒေါ်ဆွေဆွေမိုးက စာကြည့်တိုက်ရေရှည်တည်တံ့ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အလှူရှင်များက စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ မော်လမြိုင်၌ ကျင်းပ

မော်လမြိုင် ဒီဇင်ဘာ ၁၅

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၁၆ ရက်က မော်လမြိုင်မြို့နယ် ခြောက်မိုင်ကျေးရွာအုပ်စု ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

ဆွေးနွေး

ရှေးဦးစွာ မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင် ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲမှူးမြင့်အေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အကြောင်း အသိပညာပေး ဟောပြောဆွေးနွေးသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်

အလားတူ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို မော်လမြိုင်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများ၊ ယာဉ်များရပ်နားသည့် ကားဂိတ်များရှိ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်း အသိပညာပေးဟောပြောဆွေးနွေးမှုများဆောင်ရွက်လျက်ရှိသည်။ **(၀၁၄)**

ကျောင်းကုန်းမြို့နယ်၌ နေကြာသီးညှပ် စုပေါင်းစိုက်ပျိုး

ကျောင်းကုန်း ဒီဇင်ဘာ ၁၃

မြို့ဝင် ဧက ၁၀၀၀ စံပြကွက်တွင် နေကြာသီးညှပ် စုပေါင်းစိုက်ပျိုးပွဲကို နိုဝင်ဘာ ၂၅ရက် နံနက် ၈ နာရီက ရောဝတီတိုင်း ကျောင်းကုန်းမြို့နယ် ဇရပ်ကွင်းကျေးရွာတောင်သူ ဦးကြီး ဦးစံမြိုင်၊ ဦးမြင့်ထွန်း၊ ဦးမြသိန်း၊ ဦးအောင်လှိုင်နှင့်ဦးညွှန့်ရင် တောင်သူဦးကြီး ငါးဦး၏ လယ်မြေဧက ၃၀ ဒသမ ၉၃ ဧကတွင် နွား ၁၈ရှဉ်း၊ စက်ခုနစ်စီး၊ တောင်သူဦးကြီး ၁၄၅ ဦးတို့က နေကြာသီးညှပ်စိုက်ပျိုးပွဲ စုပေါင်းစိုက်ပျိုးကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညဏ်လှိုင်၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ကျေးရွာဥက္ကဋ္ဌ ဦးအောင်ထွန်းမြင့်နှင့် အဖွဲ့ဝင်များ၊ တောင်သူဦးကြီးများ တက်ရောက်ကြည့်ရှု အားပေးကြသည်။ **(အောက်ပုံ)**

၂၀၀၈-၂၀၀၉ ခုနှစ်တွင် ဇရပ်ကွင်းကျေးရွာအုပ်စု၌ နေကြာလျာထားချက် ဧက ၄၈၀တွင် ယနေ့အထိ နေကြာ ဧက ၂၃၀ စိုက်ပျိုးပြီးစီးကြောင်း သိရသည်။ (၁၅၄)

အရည်အသွေး မြှင့်တင်ရေး သင်တန်းဖွင့်

ရန်ကုန် ဒီဇင်ဘာ ၁၆

ရန်ကုန်(အရှေ့ပိုင်း)ခရိုင် သဃ်န်းကျွန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ ဆယ်အိမ်စုမှူး အရည်အသွေးမြှင့်တင်ရေး မွမ်းမံသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၁ရက်နံနက် ၉နာရီက မြို့နယ်ရုံး၌ ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နန်းလီ၊ အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဖြူဖြူစိုးနှင့် တာဝန်ရှိသူများက နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ဖွင့်လှစ်ဆွေးနွေး ပို့ချကြကြောင်းသိရသည်။ (၁၂၁)

17-12 (16).pmd 1 12/17/2008, 2:16 AM

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ဘူတန်နိုင်ငံသို့ ပြည်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် ဆရာဝန်များစေလွှတ်ရန်

လျှောက်လွှာခေါ်ယူခြင်း

၁။ ဘူတန်နိုင်ငံသို့ ပြည်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် တာဝန်ထမ်းဆောင်ရန် အထူးကုဆရာဝန်များ စေလွှတ်ပေးနိုင်ရေးကို ဘူတန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ကမ်းလှမ်းလာပါသည်။ သို့ပါ၍ အောက်ဖော်ပြပါ အထူးကုဘာသာရပ်များကို လျှောက်ထားလိုပါက ၃၁-၁၂-၂၀၀၈ရက်တွင် အသက်(၅၀)ထက်မကြီးသူ နယ်တွင်တာဝန်ထမ်းဆောင်ခဲ့ဖူးသော နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ကြောင်း အကြောင်းကြားအပ်ပါသည်။

၂။ အထူးကုဘာသာရပ်များဖြစ်သည့်
- (က) အထွေထွေဆေးပညာ
- (ခ) သားဖွားမီးယပ်ပညာ
- (ဂ) စိတ်ကျန်းမာပညာ
- (ဃ) နား၊ နှာခေါင်း၊ လည်ချောင်းရောဂါပညာ ဘာသာရပ်များအတွက် လျှောက်ထားလိုသူများ၏ အရည်အချင်း သတ်မှတ်ချက်မှာ-
  - (၁) ဆေးပညာမဟာသိပ္ပံဘွဲ့ရပြီး လက်ထောက်ဆရာဝန်(အထူးကု)၊ အထူးကုဆရာဝန်၊ အထူးကုဆရာဝန်ကြီး ရာထူးရရှိပြီးသူ ဖြစ်ရမည်။
  - (၂) MRCP, MRCOG, FRCS, Ph.D, Dr.Med.Sc ရရှိပြီးသူများ လျှောက်ထားခွင့်မရှိပါ။
  - (၃) ပါမောက္ခ/တွဲဖက်ပါမောက္ခ၊ ကထိက/အထူးကုဆရာဝန်ကြီးများ လျှောက်ထားခွင့်မရှိပါ။

၃။ သို့ပါ၍ လျှောက်ထားလိုသူများသည် မိမိဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ထံသို့ ၃၁-၁၂-၂၀၀၈ရက် နောက်ဆုံးထားပြီး လျှောက်လွှာနှင့်အတူ လိုအပ်သောစာရွက်စာတမ်း အထောက်အထားများ၊ ဓာတ်ပုံ သုံးပုံ ပူးတွဲလျက် လျှောက်ထားနိုင်ကြောင်း အကြောင်းကြားအပ်ပါသည်။ လျှောက်လွှာပိတ်ရက် ကျော်လွန်ပြီးမှရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၄။ သီးခြားလျှောက်လွှာပုံစံမရှိပါ။ လျှောက်လွှာတွင်အောက်ပါအချက်များပါဝင်ရမည်-
- (က) အမည်၊ မှတ်ပုံတင်အမှတ်၊ လက်ရှိရာထူး/ဌာန၊ အမြဲတမ်းလိပ်စာနှင့် ဖုန်းနံပါတ်၊ ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ်
- (ခ) မွေးသက္ကရာဇ်နှင့် အသက်
- (ဂ) ပညာအရည်အချင်း
- (ဃ) အစိုးရဝန်ထမ်းအဖြစ် အမှုထမ်းသက် မှတ်တမ်းအပြည့်အစုံ
- (င) လျှောက်ထားလိုသည့် အမျိုးအစား/ဘာသာရပ်

၅။ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများအား လူတွေ့စစ်ဆေးမှုခံယူရန် အကြောင်းကြားမည်ဖြစ်ပြီး လူတွေ့စစ်ဆေးရန် လာရောက်သတင်းပို့ပါက လိုအပ်သောအထောက်အထား မူရင်းများကိုလည်း တစ်ပါတည်း ယူဆောင်လာရန်ဖြစ်ပါသည်။ သီးခြားခေါ်စာပေးပို့မည်မဟုတ်ပါ။

၆။ အသေးစိတ်မေးမြန်း စုံစမ်းသိရှိလိုပါက ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ စကားပြောကြေးနန်း အမှတ်-၀၆၇-၄၁၁၃၈၃၊ ၀၆၇-၄၁၁၃၉၀ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ကျန်းမာရေးဦးစီးဌာန။

ဓာတု၊ ဇီဝ အမှတ်ကောင်းရမည်
(Grade X, XI)
အနီးကပ်(သုံး)လ Teaching
ဝါရင့် M.Sc
ဒေါ်သဇင်မြင့်(ပညာ့အားသစ်)
ဖုန်း-၀၉-၅၁-၆၅၂၃၁။

တရားမပုံစံအမှတ်-၉၄

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရမည်းသင်းခရိုင်တရားရုံး
၂၀၀၈ခုနှစ် တရားမဇာရီမှုအမှတ် -၁၀

မန်နေဂျာ	နှင့်	၁။ ဦးမိုးဇော်
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်ဖြူဖြူခိုင်
ရမည်းသင်းမြို့။		
တရားနိုင်		**တရားရှုံးများ**

၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၈၄ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၃၁ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် ပြာသိုလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

၁။ ရမည်းသင်းမြို့၊ လက်ဆည်ကန်ရပ်၊ အကွက်အမှတ် (၁၁၇၉)၊ ဦးပိုင် (၅၄/၆၁)၊ ဧရိယာ ဝ.ဒသမ ၁၂၆ဧကရှိမြေ။
၂။ ယင်းမြေပေါ်ရှိ (၂၇×၁၈)ပေသွပ်မိုး၊ နံကပ် တစ်ထပ်တွဲလျက်၊ သွပ်မိုး အဖီ၊ ထမင်းစားခန်း။
၃။ (၈×၄)ပေ သွပ်မိုးပတ်ကား၊ ရေချိုးခန်း၊ ရေလောင်းအိမ်သာ။
၄။ (၈×၆×၅)ပေ ဇလက်မခွဲ အုတ်ကန် တစ်လုံး။

ကြမ်းခင်းဈေး ကျပ်သိန်း ၃၆၀။
ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။
(၃) လေလံစည်းကမ်း အချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင် ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အောင်ကြည်သိန်း (တ/၁၅၆၉)
ဒုတိယခရိုင်တရားသူကြီး
ရမည်းသင်းခရိုင်တရားရုံး။

ရွှေတိဂုံစေတီရင်ပြင်တော်
တနင်္ဂနွေ(ညနေ)သန့်ရှင်းရေးအသင်း

တည်ထောင်ခြင်း(၃၁)နှစ်ပြည့် ကျင်းပမည်

ရွှေတိဂုံစေတီတော် တနင်္ဂနွေ(ညနေ)သန့်ရှင်းရေးအသင်း တည်ထောင်ခြင်း (၃၁)နှစ်ပြည့် အခမ်းအနား အသင်း၏ဩဝါဒါစရိယဆရာတော် ဗဟန်းမြို့နယ် ဆူးခါးပရိယတ္တိ စာသင်တိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇနိတ အရှင်သူမြတ်၏ သက်တော် (၇၈)နှစ်ပြည့် ဝိဇာတမင်္ဂလာပူဇော်ပွဲနှင့် ဒုတိယအကြိမ် သက်ကြီးပူဇော်ပွဲ အခမ်းအနားတို့ကို ၂၀၀၉ခုနှစ် ဇန်နဝါရီလ ၄ရက် (လွှတ်လပ်ရေးနေ့) နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဆူးခါး ပရိယတ္တိ စာသင်တိုက်တွင် ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင် သစ်/ဟောင်းများ အားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် ကြွရောက်ပါရန် နှင့် အသက်(၆၀) နှင့်အထက် အသင်းဝင်များ ၂၈-၁၂-၂၀၀၈ ရက် နောက်ဆုံးထား၍ ဦးအိုက်စိမ်း (အတွင်းရေးမှူး) ဖုန်း-၀၁-၆၈၀၄၅၇၊ ဦးစိန်ဝင်း (ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၀-၁၅၉၄၂၊ ၀၁-၆၈၀၀၃၄ နှင့် ဦးမင်းဝင်းရှိန် (အမှုဆောင်) ဖုန်း-၀၉-၅၀-၃၁၄၇၁ တို့သို့ ဆက်သွယ်နိုင်ပါသည်။

မသက်ဆိုင်တော့ပါကြောင်း

မြိတ်မြို့၊ စန္ဒဝတ်ကျေးရွာ၊ စန္ဒဝတ်အရှေ့ဘုန်းတော်ကြီးကျောင်းအနီးနေ ကျွန်မ မစန်းငွေ အဖ ဦးမောင်ခဲ ၆/မအရ(နိုင်)၁၀၄၇၆၃ ၏ ခင်ပွန်းဖြစ်သူ ကိုကျော်စိုးထွန်း အဖ ဦးငွေထွန်း ၁၁/မဒန(နိုင်)၁၀၅၇၈၇ သည် ၄-၁၂-၂၀၀၇ ရက်မှစ၍ နေအိမ်မှဆင်းသွားခဲ့ပါသဖြင့် ကြော်ငြာသည့်ရက်မှစ၍ ကျွန်မ၏ တရားဝင်လင်ယောကျ်ားအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့ကို လုံးဝ (လုံးဝ)တာဝန်ယူမည် မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ) မစန်းငွေ ၆/မအရ(နိုင်) ၁၀၄၇၆၃။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ
အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် ဒီဇင်ဘာ ၁၆

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန် အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ် လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း၊(မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇**တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။**

(မြန်မာ့အလင်း)

ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ပေါက်ခေါင်းမြို့နယ်အပိုင်းသို့ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် တာဝန်ရှိသူများ ဒီဇင်ဘာ ၁၀ ရက်က ကွင်းဆင်းစစ်ဆေးရာ ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်က လမ်း၊ တံတားများ ပြုပြင်ထိန်းသိမ်းထားရှိမှုနှင့် ကတ္တရာလမ်းခင်းရေးအတွက် ကျောက်စုဆောင်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရွှေကဘော်ဂေါက်ကွင်း၌ တစ်ချက်တည်း ကျင်းဝင်ခဲ့

တမူး ဒီဇင်ဘာ ၆

စစ်ကိုင်းတိုင်း တမူးမြို့ ရွှေကဘော်ဂေါက်ကွင်းတွင် နိုဝင်ဘာ ၂၃ရက် ညနေပိုင်းက ဦးသာအောင် (ကိုးသုံးလုံးစတိုး)သည် ကစားဖော်များနှင့်အတူ ဂေါက်ရိုက်ကစားစဉ် ၁၃၃ကိုက်ဝေးသော ကျင်းအမှတ်(၇)ကို Iron N0.9 တုတ်တံဖြင့် Tour Special -5 ဂေါက်သီးကို ရိုက်ကစားရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ဦးသာအောင် (ကိုးသုံးလုံး စတိုး) သည် ယခင် ၂၀၀၂ခုနှစ် ဧပြီ ၇ရက်က ကျင်းအမှတ် (၇)၌လည်းကောင်း၊ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂ရက်က ကျင်းအမှတ် (၄)၌လည်းကောင်း နှစ်ကြိမ်တိုင်တိုင် တစ်ချက်တည်းကျင်းဝင်ခဲ့ဖူးသူဖြစ်ပြီး ယခုအခါတွင် တတိယအကြိမ် တစ်ချက်တည်း ကျင်းဝင်ခဲ့ကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

ပျိုးအိတ်များထုပ်လုပ်

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဇရာကမ်းသာပန်းခြံအတွင်း သတ်မှတ်ပျိုးအိတ်များပြည့်မီ ကျော်လွန်ရေးအတွက် ပျိုးအိတ်များထုပ်ခြင်းနှင့် ပျိုးပေါင်များအတွင်း ပေါင်းမြက်များရှင်းလင်းခြင်းကို ဒီဇင်ဘာ ၅ရက်က အဖွဲ့ဝန်ထမ်းများဖြင့် စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးထွန်းထွန်း ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မှုခင်းသတင်း
ဆိုင်ကယ်မှောက်၍ မလှိုင်၌လူတစ်ဦးသေဆုံး

မိတ္ထီလာ ဒီဇင်ဘာ ၁၂

မိတ္ထီလာမြို့ အမှတ်(၁) ရဲစခန်းမှ ဒုရဲအုပ် အောင်သန်းငွေ တာဝန်မှူးကျနေစဉ် ဒီဇင်ဘာ ၂ရက် မွန်းလွဲပိုင်းက မိတ္ထီလာ-မြင်းခြံလမ်း မလှိုင်မောင်းတံဂိတ်အနီးတွင် ဆိုင်ကယ်တစ်စီးမှောက်နေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့သည်။

တိမ်းမှောက်

ဆိုင်ကယ်စီးသူမှာ မလှိုင်မြို့နယ် သပြေပင်ကျေးရွာနေ အောင်သူ အသက်(၂၁)နှစ်ဖြစ်ပြီး ကမ်ဘိုအနက်ရောင် ဆိုင်ကယ်ကိုစီး၍ ရွာသို့ပြန်စဉ် မလှိုင်မောင်းတံဂိတ်အနီးတွင် ရှေ့မှ ကြက်သွန်အိတ်တင်စီးနေသည့် စက်ဘီးအားရှောင်လိုက်စဉ် လက်ကိုင်နှင့် စက်ဘီးကိုတိုက်မိပြီး တိမ်းမှောက်သွားခြင်းဖြစ်သည်။

ဆိုင်ကယ်တိမ်းမှောက်သဖြင့် အောင်သူမှာ ညာဘက်မျက်နှာတစ်ခုလုံး စုတ်ပြတ်ကာ မျက်လုံးထိခိုက်သွား၍ ဆေးစာဖြင့် မိတ္ထီလာဆေးရုံသို့ တင်ပို့လိုက်ရသည်။ ဆိုင်ကယ်မဆင်မခြင်စီးသူ အောင်သူအား တာဝန်မှူး ဒုရဲအုပ် အောင်သန်းငွေက တရားလိုပြုလုပ်၍ ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားရာ ရဲစခန်း(ပ)၄၀၄/၂၀၀၈၊ ပုဒ်မ-၃၃၈ဖြင့် အမှုဖွင့်အရေးယူထားစဉ် အောင်သူမှာ ဒဏ်ရာပြင်းထန်သဖြင့် မန္တလေးဆေးရုံသို့ တင်ပို့ရာမှ ဒီဇင်ဘာ ၄ ရက်က သေဆုံးသွားသဖြင့် အမှုကို ၃၀၄(က)သို့ ပြောင်းလဲဖွင့်ထားကြောင်း သိရသည်။ (၀၈၆)

တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် တောင်ကုတ်-သံတွဲလမ်းရှိ အသစ်တည်ဆောက်သည့် မြို့ဝင်ဆိုင်းဘုတ်ကို ဒီဇင်ဘာ ၁ ရက်က အမှုဆောင်အရာရှိ ဦးလှဖော်ဇံ ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဒေါ်စမ်းစမ်းအေးက ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်ကောလိပ်(သတ္တဗေဒ) ကျောင်းသားဟောင်းများ
အာစရိယပူဇော်ပွဲ ကျင်းပမည်

မော်လမြိုင် ဒီဇင်ဘာ ၄

မော်လမြိုင်ကောလိပ် သတ္တဗေဒဌာနမှ (၁၉၇၅-၇၉)ခုနှစ် သတ္တဗေဒဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ဘွဲ့ရနှစ်(၃၀)ပြည့် ပုလဲရတု အထိမ်းအမှတ် ပြန်လည်တွေ့ဆုံပွဲကို ၂၀၀၉ခုနှစ် မတ်လ ၂၈ရက် (စနေနေ့)တွင် ကရဝိက်နန်းတော် ဥတ္တရခန်းမ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်း

ကျောင်းသား ကျောင်းသူဟောင်းများ လှူဒါန်းလိုပါက ကိုခင်မောင်လွင်-မမြင့်မြင့်မော် ဖုန်း-၀၁-၇၀၄၇၈၇၊ ၀၉-၅၀-၂၁၈၆၄၊ ကိုလှမြင့်-မတင်တင်ရှန် ဖုန်း-၀၁-၂၂၅၈၆၀၊ ၀၉-၅၁-၂၅၃၈၄၊ မကြည်စန်း ဖုန်း-၀၁-၅၂၆၉၂၀၊ ၀၉-၅၁-၇၅၆၁၀၊ ကိုမြင့်ဆွေ ဖုန်း-၀၅၂-၂၁၇၄၂၊ ၀၉-၅၃-၀၀၂၅၇၊ ကိုပြုံးချို ဖုန်း-၀၅၂-၂၂၀၈၁၊ မအေးအေးနွယ် ဖုန်း-၀၅၇-၂၂၅၃၆၊ ၀၉-၅၃-၂၂၁၀၄၊ ကိုအောင်ခင် ဖုန်း-၀၅၇-၂၃၀၈၈နှင့် မဝင်းဝင်းငွေ ဖုန်း-၀၅၇-၂၅၀၁၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပြင်ဦးလွင်မြို့၌ ရေရရှိရေး ဆောင်ရွက်ပေး

ပြင်ဦးလွင် ဒီဇင်ဘာ ၄

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြိုင်ကြီးကျေးရွာတွင် ရေကန်အဆင့်မြှင့်ခြင်းနှင့် မြေထိန်းနံရံကျောက်ရိုးစီခြင်း လုပ်ငန်းဆောင်ရွက်၍ ရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ၁၁ရက်က အငယ်တန်းအင်ဂျင်နီယာ-၃ (မြို့ ပြ) ဦးတင်အောင်မိုးနှင့် အဖွဲ့ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ် ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၇၀ ထုတ်ပေးနိုင်ပြီး လယ်မြေကေတစ်သိန်းခန့် စိုက်ပျိုးရေပေးဝေနိုင်မည့် ကြီးအုံကြီးဝရေလှောင်တမံစီမံကိန်းတည်ဆောက်နေ

ပွင့်ဖြူမြို့နယ်၌ တည်ဆောက်လျက်ရှိသည့် ကြီးအုံကြီးဝ ရေလှောင်တမံစီမံကိန်းကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၆

နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်အတွင်း အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့သည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၁၄ ရက်က မကွေးတိုင်း မုန်းချောင်းတစ်လျှောက် တည်ဆောက်လျက်ရှိသော ရေလှောင်တမံစီမံကိန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် နံနက် ၉နာရီ ၁၅မိနစ်တွင် စေတုတ္တရာမြို့နယ် သူကောင်းကျင်းကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)က တည်ဆောက်လျက်ရှိသော အထက်ဖူးရွာ ရေလှောင်တမံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

အထက်ဖူးရွာ ရေလှောင်တမံမှာ ကျောက်ဖြည့်တမံအမျိုးအစားဖြစ်ပြီး အလျားပေ ၄၀၀၀၊ အမြင့် ၄၅၁ ပေ၊ ရေလှောင်နိုင်မှုပမာဏဧကပေ ၁၄၅၉၄၀၀ ဖြစ်ပြီး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၅၃၄ သန်း ထုတ်ပေးနိုင်မည့် စီမံကိန်းဖြစ်သည်။ ထို့မှတစ်ဆင့် ဝန်ကြီးများသည် ဖူးရွာရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိ စစ်ဆေးကြသည်။

ဖူးရွာရေလှောင်တမံစီမံကိန်း

အဆိုပါ ဖူးရွာရေလှောင်တမံစီမံကိန်းကို စေတုတ္တရာမြို့နယ် ဖူးရွာအနီး၌ တည်ဆောက်နေခြင်းဖြစ်သည်။ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအလျားပေ ၃၂၀၀၊ အမြင့် ၁၅၁ပေနှင့် ရေလှောင်ပမာဏ ၁၆၉၄၄၆ဧကပေ ဖြစ်သည်။ *စာမျက်နှာ ၉ ကော်လံ ၅* ●

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ကျော်ရဲမင်း၏

ပစ်တိုင်းထောင်နိုင်ငံ၊

ပစ်တိုင်းထောင်လူမျိုးမို့

အပြုံးပျက်ဖို့ မလိုပေါင်(၁)

ဆောင်းပါး (စာ ၁၀-၁၁)

ဆီအိုးကြီးအတွင်းက ဆန်အိုးငယ် မကွေးတိုင်းမှ ပွင့်ဖြူမြို့နယ်

သတင်းဆောင်းပါး
စစ်နောင် (စာနယ်ဇင်း)

ဓာတ်ပုံမှတ်တမ်း
မောင်မောင်သန့်နိုင် (ပေဝန်-မကွေး)

စာမျက်နှာဖွဲ့စည်းမှု
သန်းဇော် (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၁၆

မကွေးတိုင်းဟုဆိုလိုက်လျှင် မြန်မာပြည်အလယ်ပိုင်း၌ တည်ရှိပြီး ဆီထွက်သီးနှံနှင့် ပဲအမျိုးမျိုး အဓိကစိုက်ပျိုးဖြစ်ထွန်းရာဒေသဟူ၍ အများစုက သိရှိထားကြပြီးဖြစ်သည်။

လေ့လာ

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သော ဒေသဝမ်းစာဖူလုံရေး ကြိုးစားဆောင်ရွက်ကြရန်ဆိုသည့်အချက်ကို ကြိုးပမ်းအကောင်အထည်ဖော်နိုင်ခဲ့ပြီး ဒေသဝမ်းစာစပါး ဖူလုံမှု ၂၇၂ဒသမ ၆၇ရာခိုင်နှုန်းအထိရှိသော ပွင့်ဖြူမြို့နယ်အကြောင်း ရေးသားတင်ပြနိုင်ရန်အတွက် သတင်းအဖွဲ့သည် ပွင့်ဖြူမြို့နယ်သို့ သွားရောက်လေ့လာခဲ့ကြသည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ✻

17-12 (20).pmd 1 12/17/2008, 2:16 AM